# ကြေးမုံ
# The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ ကြာသပတေးနေ့၊ (18-10-2007) (၅၄၇၄)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မိမိနိုင်ငံ၊ မိမိလူမျိုး ရိုးရာဓလေ့အစဉ်အလာနဲ့ မအပ်စပ်တဲ့ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာမှုကို အမျိုးသားယဉ်ကျေးမှု ကိုယ်ခံစွမ်းအားကောင်းကောင်းနဲ့ ကြံ့ကြံ့ခိုင်ခိုင် ကာကွယ်တားဆီးနိုင်ဖို့ လိုအပ်ယနေ့တိုင် ခမ်းနားထည်ဝါဆဲ၊ တင့်တယ်ခိုင်ခံ့ဆဲ၊ မြန်မာလူမျိုးတို့ရဲ့ နှလုံးအိမ်ထဲမှာ စွဲမြဲနေရာယူဆဲဖြစ်တဲ့ မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီးကို ပိုမိုတောက်ပြောင်ခမ်းနားအောင် ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်

နေပြည်တော်     အောက်တိုဘာ     ၁၇

၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ *





(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

**"အေးအေးနေစမ်းပါရစေ"**

**အညာသား၏**

**(ဆောင်းပါး)**

**စာမျက်နှာ – ၄၅**

**ရ၆သန်းကျော်သော မြန်မာနိုင်ငံဖွား တိုင်းရင်းသားအများစုသည် အေးအေးချမ်းချမ်း ဆူပူမှုကင်းရှင်းစွာ ကိုယ့်ဝမ်းကိုယ်ရှာစားနေလိုကြပါ၏။ ဒို့အရေးဆိုသော ဂဂ အနိဋ္ဌာရုံကြီးကို ပြန်လည်၍လည်း မတွေးလို၊ ထို့ထက်ပြန်၍လည်း မဖြစ်စေလို။ လူများစုကြီးသည် ယခုလက်ရှိ အနေအထားအပေါ် အကျေနပ်ကြီး ကျေနပ်လျက်ရှိကြပါ၏။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၁၈–၁၀–၂၀၀၇
(ကြာသပတေးနေ့)

# ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးကြိုးပမ်း ပြည်တွင်း၊ ပြည်ပ အဖျက်လုပ်ရပ်များ တားဆီးကာကွယ်

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ဆန္ဒသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာရေးဖြစ်သည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရက ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များ ချမှတ်ထူထောင်နေသောကာလဖြစ်သည်။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သည်။

အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား ထောက်ခံကြိုဆိုသည့် လူထုအစည်းအဝေးများကို နိုင်ငံတစ်ဝန်း၌ ကျင်းပလျက်ရှိရာ တိုင်းရင်းသားပြည်သူများက တစ်ခဲနက် ထောက်ခံနေကြသည်။

၂၀၀၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့က မန္တလေးတိုင်း မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပခဲ့သည့် လူထုအစည်းအဝေးကြီးတွင် သဘာပတိ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကိုလေးက အမှာစကားပြောကြားရာ၌ **အမျိုးသားညီလာခံက ချမှတ်ပေးသည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခြား ကျင့်သုံးရာတွင်လည်းကောင်း၊ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရာတွင် လည်းကောင်း၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ပြည့်စုံစွာရရှိရေးတွင်လည်းကောင်း စံပြုထိုက်သော မူများဖြစ်ကြောင်း၊ ထိုမူများနှင့်အညီ ရေးဆွဲထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မကြာမီပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း** ပြောကြားသွားသည်။

နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ပေါက်လာရေး ကြိုးပမ်းဖော်ဆောင်နေချိန်တွင် တစ်ဖက်မှ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက ဒီမိုကရေစီကို ဗန်းပြပြီး တိုင်းဆူပြည်ဖျက် လုပ်ရပ်များဖြင့် နိုင်ငံတည်ငြိမ်မှုနှင့် ပြည်သူများ၏ အေးချမ်းသာယာမှုကို ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက မွန်မြတ်သည့်စေတနာ၊ မှန်ကန်သည့် ရပ်တည်ချက်ဖြင့် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်လျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်အဆင့်ဆင့်တွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ရင်း ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ လုပ်ရပ်များကို အစဉ်သတိပြု ကာကွယ်တားဆီးသွားကြရမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ငွေရတုအလှူပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) (၉၃)ရပ်ကွက် မေယုလမ်း ဓမ္မဗိမာန်ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုမန(မြို့နယ်သံဃနာယကအဖွဲ့ဝင်) အရှင်သူမြတ်၏ ငွေရတုအလှူပွဲသဘင်ကို မကွေးတိုင်း ပေါက်မြို့နယ် ရေနီရွာ၌ နိုဝင်ဘာ ၁ရက်တွင် ကျင်းပမည်ဖြစ်သည်။

ငွေရတုသဘင်အလှူပွဲတွင် ရွှေဦးစေတီတော်အား ရွှေမင်သင်္ကန်း ကပ်လှူခြင်း၊ ဘဒ္ဒန္တအဂ္ဂသေန အမှူးရှိသော ပင့်သံဃာတို့အား တတိယအကြိမ် ကထိန်သင်္ကန်းကပ်လှူခြင်း၊ ရဟန်းခံ ရှင်ပြုခြင်း၊ စာရေးတံမဲ လှူဒါန်းခြင်း စသည်တို့ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)




## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားစေရန်၊

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

## လက်ဆင့်ကမ်းဝေ အနုပညာအမွေ

* မြန်မာ့ရိုးရာ၊ စဉ်လာကျင်းပ
ဆို၊က၊ရေး၊တီး၊ ပြိုင်ပွဲကြီးသည်
ကောင်းချီးသဘင် ပွဲတော်တည်း။

* တိုင်းနှင့်ပြည်နယ်၊ အသွယ်သွယ်က
သက်ရှယ်အလိုက်၊ နှစ်မြိုက်ရာရွေး
ဆို၊ က၊ ရေးနှင့်
အားပေးလေ့ကျက်၊ စံမပျက်သည့်
တီးကွက်နရီ၊ စည်းဝါးညီသည်
ကြည်မြချိုလွင် ယဉ်သည်တည်း။

* အဆိုအက၊ ရေး တီးကြရင်း
မူလသန္ဓေ၊ ပေါ်လွင်စေမည့်
အမွေအနှစ်၊ ပညာစစ်ကို
ချစ်ကြည်စည်းလုံး၊ ပျော်တပြုံးဖြင့်
နှလုံးကြည်ရွှင်၊ ပြိုင်ပွဲဝင်သည်
သဘင်ပွဲတော် ခြိမ့်ခြိမ့်တည်း။ ။

**အေးသန်း(ကြေးမုံ)**

## ကက်စပီယံဒေသနိုင်ငံများတွင် အင်အားသုံးခြင်းကို မလိုလားဟု ရုရှားသမ္မတ ပူတင် ပြောကြား

**တီဟီရန် အောက်တိုဘာ ၁၇**

ကက်စပီယံဒေသနိုင်ငံများတွင် စစ်ရေးအရအင်အားသုံး၍ အရေးယူဆောင်ရွက်မည့်လုပ်ရပ် မျိုးသည် လက်ခံနိုင်ဖွယ်ရာမရှိသော လုပ်ရပ်ဖြစ်ကြောင်းနှင့်ဒေသတွင်းပြဿနာများကို ဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းဖြင့် ဖြေရှင်းသည်ကိုသာ မိမိတို့လိုလားကြောင်း ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်က အောက်တိုဘာ ၁၆ရက်တွင် ပြောကြားသည်။

အီရတ်နိုင်ငံအပါအဝင် ငါးနိုင်ငံပါဝင်သည့် ကက်စပီယံဒေသနိုင်ငံများ ထိပ်သီးအစည်းအဝေးတွင် ရုရှားသမ္မတပူတင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အီရန်နိုင်ငံသည် ယူရေနီယံအားဖြည့်လောင်စာ ထုတ်လုပ်ရေးနှင့် ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများ၏ ဖိအားပေးခြင်းကို ခံနေရသည်။

ကက်စပီယံဒေသတွင်းရှိနိုင်ငံတစ်နိုင်ငံကို စစ်ရေးအရကျူးကျော်ရန် ကိစ္စပေါ်ပေါက်မည်ဆိုလျှင် ထိုဒေသတွင်းရှိ မည်သည့်နိုင်ငံကမျှ ကျူးကျော်ရေးတပ်များအားမိမိနိုင်ငံနယ်မြေကို အသုံးပြုခွင့် မပေးရေးအတွက် သဘောတူညီမှုရယူထားရန်အရေးကြီးသည်ဟု ပူတင်ကဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## နိုင်ငံတကာသတင်းများ

# အီရန်ကိုစစ်ရေးအရတိုက်ခိုက်ခြင်းမပြုမီ ကွန်ဂရက်၏ ခွင့်ပြုချက် ရယူရန် လိုအပ်

**ဝါရှင်တန် အောက်တိုဘာ ၁၆**

အမေရိကန်သမ္မတ ဂျော့ဂျ် ဒဗလျူဘုရှ်၏ အစိုးရအဖွဲ့သည် အီရန်နိုင်ငံကို စစ်ရေးအရတိုက်ခိုက်ခြင်းမပြုမီ ကွန်ဂရက်လွှတ်တော်၏ သဘောတူခွင့်ပြုချက် ရယူရန် လိုအပ်ကြောင်း အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပယ်လိုစီက တနင်္လာနေ့တွင် ပြောကြားသည်။

အခြားနိုင်ငံတစ်နိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ရာတွင် အစိုးရအဖွဲ့အနေဖြင့် ကွန်ဂရက်၏ခွင့်ပြုချက်ရယူရန်လိုအပ် ကြောင်း ပယ်လိုစီက အေဘီစီရုပ်မြင်သံကြားဌာန၏ လူတွေ့ မေးမြန်းခန်းတွင် ပြောကြားသည်။

အီရန်နိုင်ငံသည် နျူကလီးယားရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နေပြီး လက်ဘနွန်နှင့် ဂါဇာကမ်းမြောင်ဒေသတို့ရှိ စစ်သွေးကြွများကို ထောက်ခံမှုပေးနေခြင်းအတွက် စစ်ရေးအရ အရေးယူရဖွယ်ရှိကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အီရန်၏ နျူကလီးယားပြဿနာကို သံတမန်ရေးအရ ဖြေရှင်းနိုင်ရန် မိမိတို့ကြိုးပမ်းနေကြောင်း၊ သို့ရာတွင် သံတမန်ရေးနည်းလမ်း မအောင်မြင်ပါက စစ်ရေးနည်းလမ်းကို အသုံးပြုရဖွယ်ရှိကြောင်း သမ္မတဘုရှ်က ယခုလအစောပိုင်းတွင် ပြောကြားခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်မြောက်ပိုင်းနှင့် ဘဂ္ဂဒက်တွင် ပုံးပေါက်ကွဲ ၁၁ဦး သေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၁၇**

ဘဂ္ဂဒက်ရှိ အီရတ်တပ်ဖွဲ့များနှင့် နိုင်ငံမြောက်ပိုင်းရှိ ရဲတပ်ဖွဲ့တို့ကို ရည်ရွယ်၍ အောက်တိုဘာ ၁၆ရက်က ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားရာ ၁၁ဦး သေဆုံးပြီး ၁၀၅ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့သတင်းများက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့လယ်တွင် အီရတ်တပ်ဖွဲ့ လှည့်ကင်းကို ကားဗုံးဖြင့် တိုက်ခိုက်ရာ တပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားသုံးဦးတို့ သေဆုံးသွားပြီး တပ်ဖွဲ့ဝင်ငါးဦးနှင့် အရပ်သား ၂၀ ဒဏ်ရာရရှိသွားသည်။

မူဆိုးလ်မြို့ရဲစခန်းကို ထရပ်ကားဗုံးဖြင့် တိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင် လေးဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးကာ လူ ၈၀ ဒဏ်ရာရရှိသွားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို သီးသီးသန့်သန့် ပိုင်ဆိုင်နေခြင်းသည် နိုင်ငံနှင့်လူမျိုး၏ အတိတ်သမိုင်းကြောင်း ခမ်းနားထည်ဝါမှုကို ဖော်ညွှန်းပြသနိုင်သည့် ဂုဏ်ဒြပ်တစ်ခုဖြစ်

*** ရှေ့ဖုံးမှ**

ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်တာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ၊ သံတမန်များ၊ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်ကြီးများနဲ့ ပြိုင်ပွဲဝင် အနုပညာရှင်များအားလုံး "မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"၊ "ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို စောင့်ရှောက်မြှင့်တင်ပေးခြင်းအားဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားရေးဂုဏ်သိက္ခာကို အမျိုးသားယဉ်ကျေးမှုနှင့် ယှဉ်တွဲပြီး မြင့်မားထည်ဝါစေရအောင် စွမ်းဆောင်မြှင့်တင်ပေးနိုင်ကြပါစေ"လို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အမျိုးသားယဉ်ကျေးမှုဆိုတာ မိမိနိုင်ငံ၊ မိမိလူမျိုး သီးသီးသန့်သန့် ပိုင်ဆိုင်ထားတဲ့ အမျိုးသားရေးဂုဏ်ရည်များကို ကိုယ်စားပြု ဖော်ညွှန်းပြဆိုနေတဲ့ အမျိုးသားရေး သင်္ကေတတစ်ခုဖြစ်သလို နိုင်ငံနဲ့လူမျိုးရဲ့ ကိုယ်ပိုင်အမျိုးသားရေး ဥပဓိရုပ်လက္ခဏာတစ်ရပ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

ဒီအမျိုးသားရေးဥပဓိရုပ်ဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို တစ်မျိုးသားလုံးက မည်မျှထိန်းသိမ်းစောင့်ရှောက် မြှင့်တင်နိုင်တယ်ဆိုတဲ့ အခြေခံအပေါ်မှာသာ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အဆွန့်ရှည်တည်တံ့ခိုင်မြဲမှုနဲ့ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားထည်ဝါမှုတို့ဟာ ရပ်တည်လျက်ရှိနေခြင်း ဖြစ်ပါတယ်။

အမှန်တကယ်အားဖြင့် ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှု အဆောက်အအုံကြီးကို သီးသီးသန့်သန့် ပိုင်ဆိုင်နေခြင်းဟာ နိုင်ငံနဲ့လူမျိုးရဲ့ အတိတ်သမိုင်းကြောင်း ခမ်းနားထည်ဝါခိုင်ခံ့မှုကို ဖော်ညွှန်းပြသနိုင်တဲ့ ဂုဏ်ဒြပ်တစ်ခုလည်း ဖြစ်ပါတယ်။ အလားတူပဲ နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာတဲ့ သမိုင်းကြောင်းကာလတစ်လျှောက်မှာ မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှုကို ရေးဦးစဉ်လာမပျက် မြဲမြဲတည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်လာနိုင်ခြင်းဟာလည်း အမျိုးကိုချစ်တဲ့စိတ်ဓာတ်နဲ့ အမျိုးအနွယ်ကိုစောင့်ထိန်းတဲ့ စွမ်းအားတို့ ကြီးမားခဲ့ထည်ခဲ့လို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီစွမ်းအားကောင်း၊ အစဉ်အလာကောင်းများနဲ့တကွ အမျိုးသားယဉ်ကျေးမှုအဆောက်အအုံကြီးရဲ့ ကောင်းမြတ်တဲ့ဂုဏ်ရည်တွေကို ရိုးရာအစဉ်အလာမပျက် ဆင့်ပွားတိုးတက်စေပြီး အနာဂတ်ကာလတိုင် လက်ဆင့်ကမ်းလွှဲပြောင်းသွားနိုင်စေရေးအတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကတစ်ဆင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**ယနေ့အချိန်အခါလို ကမ္ဘာ့နိုင်ငံအများ အပြန်အလှန် ဆက်စပ်ရိုက်ခတ်ပြောင်းလဲဖြစ်ပေါ်နေတဲ့ Globalization ကာလမျိုးမှာ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားရေးဥပဓိရုပ်လက္ခဏာ လျော့ပါးပျောက်ဆုံးမသွားစေဖို့ဆိုရာမှာ မိမိတို့ရဲ့ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေ၊ အမျိုးသားရေး စရိုက်လက္ခဏာတွေ ယိုယွင်းတိမ်းပါးမသွားစေရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုစွမ်းအားအပေါ် မူတည်လျက်ရှိပါတယ်။**

**နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာနဲ့ တိုးမြှင့်ဆက်ဆံဆောင်ရွက်ရမှုတွေ၊ ခေတ်မီဆက်သွယ်ရေးနည်းပညာ တိုးတက်ပြောင်းလဲမှုများရဲ့ ရိုက်ခတ်မှုတွေ၊ စီးပွားရေး ကူးလူးဆက်ဆံမှုများရဲ့ လွှမ်းမိုးမှုတွေကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ရိုးရာဓလေ့အစဉ်အလာနဲ့ မအပ်စပ်တဲ့ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာမှုတွေကို အမျိုးသားယဉ်ကျေးမှု ကိုယ်ခံစွမ်းအားကောင်းကောင်းနဲ့ ကြံ့ကြံ့ခိုင်ခိုင် ကာကွယ်တားဆီးနိုင်ဖို့ လိုအပ်ပါတယ်။**

အထူးသဖြင့် အမျိုးအနွယ်စောင့်ထိန်းတဲ့စိတ်ဓာတ်ကို အခြေခံ ပေါက်ဖွားလာတဲ့ အမျိုးသားရေးအကျိုးစီးပွား ကာကွယ်စောင့်ရှောက်မှုစွမ်းအားကို နိမ့်ပါးလျော့ကျလာစေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ယဉ်ကျေးမှုမျက်နှာစာ၊ စီးပွားရေးမျက်နှာစာများကတစ်ဆင့် တိုင်းတစ်ပါးကို အထင်ကြီးအားကျအောင် သိမ်မွေ့စွာ ထိုးဖောက်ဝင်ရောက် လုပ်ဆောင်လာနေတဲ့ စိတ်ဓာတ်ရေးရာ၊ ယဉ်ကျေးမှုရေးရာ လွှမ်းမိုးခြယ်လှယ်မှု အသွင်သဏ္ဌာန်အမျိုးမျိုးကို အမျိုးသားရေးသတိနဲ့ ရှုမြင်တားဆီးနိုင်ဖို့ အလွန်မှ အရေးကြီးပါတယ်။

မိမိတို့ ကိုယ်ပိုင်အမျိုးသားယဉ်ကျေးမှုရဲ့ အဆင့်အတန်းမြင့်မားမှု၊ လူမှုရေး၊ ဘာသာရေး၊ လောကီရေး၊ လောကုတ္တရာရေး အဘက်ဘက်က လေးနက်ပြည့်စုံမှု၊ တရားစီရင်ရေး၊ ဥပဒေရေး၊ စီမံခန့်ခွဲရေး၊ သံခင်းတမန်ခင်း၊ စစ်ရေးစစ်ရာ သေနင်္ဗျူဟာ အတွေးအခေါ်မြော်မြင်မှု စတဲ့ နယ်ပယ်ကဏ္ဍစုံမှာ အခြေခိုင်ခံ့ကြွယ်ဝမှုတို့ကို သိမြင်အောင် ဖော်ထုတ်မြှင့်တင်ပေးနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွားမှုကတစ်ဆင့် ပြည်သူများရဲ့ ဇာတိသွေး၊ ဇာတိမာန်စိတ်ဓာတ်ကို နိုးကြားထက်သန်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများ ကျင်းပပေးပြီး မြန်မာ့ရိုးရာအနုသုခုမပညာရပ်များရဲ့ ပညာခန်းအနှစ်သာရများ လက်ဆင့်ကမ်း ရှင်သန်ထွန်းကားစေဖို့သာမက မြန်မာ့ရိုးရာအနုပညာရပ်များမှာ နက်ရှိုင်းစွာ စိမ့်ဝင်လွှမ်းခြုံနေတဲ့ မြန်မာ့ဂုဏ်ရည်များကိုပါ ဖော်ထုတ်မြှင့်တင်ပေးနိုင်စေရအောင် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

**မိမိတို့ မြန်မာလူမျိုးများဟာ နက်နဲသိမ်မွေ့တဲ့ တွေးခေါ်မြော်မြင်မှု သဘောတရားတွေ၊ ထေရဝါဒဗုဒ္ဓဘာသာရဲ့ နက်ရှိုင်းလေးနက်တဲ့ အဆုံးအမတရားတွေ၊ လူသားချင်းစာနာထောက်ထားမှု၊ တန်းတူရည်တူရှိမှု၊ အပြန်အလှန်အလေးအမြတ်ပြုမှုတို့အပေါ် အခြေခံထားတဲ့ လူမှုကျင့်ဝတ်ကျင့်စဉ်တွေနဲ့ လူမှုတန်ဖိုးတွေ ပေါင်းစည်းယှက်နွယ်ပြီး အခြေခိုင်ခံ့စွာ ဆင့်ပွားဖြစ်ထွန်းလာခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ထုံးတမ်းစဉ်လာကောင်းတွေကို မြန်မာ့သမိုင်းဦး အစကာလကပင် ခံယူကျင့်သုံး ပိုင်ဆိုင်လာခဲ့ကြတာဖြစ်ပါတယ်။**

ဒီအမျိုးသားရေး အဆီအနှစ်၊ အမျိုးသားရေးအနှစ်သာရတွေကို မြန်မာ့စာပေကျမ်းဂန်များမှာသာမက ရတု၊ ကဗျာ၊ ပျို့၊ လင်္ကာ၊ မော်ကွန်းတွေ၊ နီတိကျမ်းနဲ့ ဆုံးမစာတွေမှာပါ ရေးခြယ်သီကုံး ဖွဲ့ဆိုထားကြသလို မဟာဂီတတေးသီချင်းများနဲ့ ဇာတ်သဘင်၊ ရုပ်သေးသဘင် တင်ဆက်ညွှန်းဖွဲ့မှုများမှာလည်း စိမ့်ဝင်လွှမ်းခြုံလျက်ရှိပါတယ်။

အထူးသဖြင့် မြန်မာ့ဇာတ်သဘင်ရဲ့ ထူးခြားလေးနက်တဲ့ ဂုဏ်ဒြပ်တစ်ခုဖြစ်တဲ့ စာပေနဲ့နီးစပ်စွာ ကူးလူးဆက်နွယ် အပြန်အလှန် အကျိုးပြုဖြစ်ထွန်းနေမှု၊ ကဗျာ၊ လင်္ကာ၊ ဇာတ် စကားပြေဆိုတဲ့ မြန်မာစာပေရဲ့ ပင်မအခက်အလက်သုံးခုဟာ မြန်မာ့ဇာတ်သဘင်မှာ ယှက်နွယ်ပေါင်းစည်းနေမှုဆိုတဲ့ ဂုဏ်ဒြပ်ကြောင့် စာပေရဲ့ အဆီအနှစ်၊ ဇာတ်သဘင်ရဲ့ အခေါင်အညွန့်တို့ ပေါင်းဆုံပြီး မြန်မာ့ဇာတ်သဘင်ဟာ မြန်မာမှုမြန်မာ့ဂုဏ်ရည်တို့ဖြင့် ဘက်ပေါင်းစုံမှာ ထုံမွှမ်းလျက်ရှိခြင်းဖြစ်ပါတယ်။

စာပေနဲ့ ဇာတ်သဘင် ကူးလူးဆက်နွယ်မှုရဲ့ ထင်ရှားတဲ့ သာဓကကတော့ ယခု (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ပြန်လည်ဖော်ထုတ်ယှဉ်ပြိုင်စေတဲ့ "ကွက်စိပ်"ပညာပဲ ဖြစ်ပါတယ်။ "ကွက်စိပ်"ဟာ "စာပြော"ပညာကဲ့သို့ပင် စာပေနဲ့ဇာတ်သဘင်ရဲ့အလယ်မှာ ပေါင်းကူးတည်ရှိနေတဲ့ မြန်မာ့အနုပညာရပ်စစ်စစ်တစ်ခု ဖြစ်ပါတယ်။

မြန်မာလူမျိုးတို့ဟာ ရသတင်ဆက်မှုကို အကြားအာရုံသက်သက်ဖြင့် သီးသီးသန့်သန့် နားကြားခံစားတတ်တဲ့စွမ်းအားနဲ့ ပြည့်စုံကြတာကြောင့် မြန်မာ့နန်းတွင်းမှာ "စာတော်ဖတ်များ"က ရတုရကန် အဲ အန် လူးတား စတဲ့ လင်္ကာများ၊ နန်းတွင်း ပြဇာတ်နဲ့ ဇာတ်တော်ကြီးများကို ဖတ်ကြားတင်ဆက်ရတဲ့ အလေ့အထရှိခဲ့သလို ပြည်သူများအကြားမှာလည်း စာပြောနဲ့ ကွက်စိပ်ပညာများ တွင်ကျယ်ခေတ်စားခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေတဲ့ မြန်မာ့ရိုးရာအနုပညာရပ်စစ်စစ်တစ်ခုဖြစ်တဲ့ "ကွက်စိပ်"ကို ပြန်လည်မြှင့်တင် ချီးမြှောက်တဲ့အနေနဲ့ ယခု ပြန်လည်ဖော်ထုတ်ပေးခြင်းဖြစ်ပါတယ်။ အလားတူပဲ မြန်မာ့အနုသုခုမပညာသမိုင်းခေတ်အဆက်ဆက်မှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ မြုပ်ချည်တစ်ခါပေါ်ချည်တစ်လှည့် တွင်ကျယ်ခေတ်စားခဲ့တဲ့ "ပြဇာတ်"ကို ယခုနှစ်ပြိုင်ပွဲကြီးမှာ ပြန်လည်ဖော်ထုတ်ပေးလိုက်ပါတယ်။

စာပေအသွင်သဏ္ဌာန်နဲ့ စတင်ပေါ်ထွန်းလာခဲ့တဲ့ ပြဇာတ်ဟာ တန်းဝင်ပြဇာတ်တစ်ခုအဆင့်မှာ ပထမဆုံးသော မြန်မာ့ပြဇာတ်လို့ ပညာရှင်များ ခံယူထားကြတဲ့ ဝန်ကြီး ပဒေသရာဇာရဲ့ မဏိကက်ပြဇာတ်မှ စတင်ရေတွက်ရင် မြန်မာ့ပြဇာတ်ဟာသက်တမ်းနှစ်ပေါင်း နှစ်ရာကျော်ခဲ့ပြီလို့ ဆိုရမှာ ဖြစ်ပါတယ်။

ပြဇာတ်စာပေအဖြစ်သော်လည်းကောင်း၊ နန်းတွင်းပြဇာတ်ကြီးများအဖြစ်သော်လည်းကောင်း၊ ခေတ်ပေါ် စင်တင်ပြဇာတ်များအဖြစ်သော်လည်းကောင်း ပြဇာတ်ဟာ ခေတ်အဆက်ဆက်မှာ အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ မြန်မာပြည်သူများအကြားမှာ တွင်ကျယ်လွှမ်းမိုးခဲ့တာ တွေ့ရပါတယ်။

**အဆို၊ အပြော၊ အတီး၊ အက မဏ္ဍိုင်လေးရပ်နဲ့ ပေါင်းစည်းထားတဲ့ ပြဇာတ်ဟာ သန်ရာသန်ရာပညာရပ်အလိုက် အပြောပြဇာတ်၊ ဂီတပြဇာတ်၊ ကဇာတ်၊ တေးသရုပ်ဖော်ပြဇာတ်စသည်ဖြင့် အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့ ဖြစ်ထွန်းလာခဲ့ရာမှာ ယနေ့တင်ဆက်ယှဉ်ပြိုင်စေတဲ့ အဆို၊ အပြော၊ ဂီတ မဏ္ဍိုင်သုံးမျိုး ပေါင်းစပ်ထားတဲ့ ခေတ်ပြဇာတ်ပုံစံဟာ မြန်မာ့လွတ်လပ်ရေး မတိုင်မီကာလ အထူးသဖြင့် စစ်အတွင်းကာလက စတင်ပြီး မြန်မာပြည်သူများကြားမှာ ခေတ်တစ်ခေတ် ဆန်းသစ်ခဲ့တဲ့ အနုပညာရပ်တစ်ခုပဲ ဖြစ်ပါတယ်။**

**မိမိတို့တပ်မတော်အစိုးရ နိုင်ငံတော်ရဲ့တာဝန်ကို ရယူခဲ့ရချိန်မှာ သဘင်၊ ဂီတ၊ ရုပ်ရှင်ပညာရှင်များကို အားပေးစည်းရုံးပြီး "ဝဇီရာပြဇာတ်"တစ်ခေတ်ကို စတင်အခြေတည်ပေးခဲ့ဖူးပါတယ်။ အကြောင်းကြောင်းတွေကြောင့် ရေရှည်မတည်တံ့နိုင်ခဲ့သော်လည်း ဒီဝဇီရာပြဇာတ်က မွေးထုတ်ပေးလိုက်တဲ့ မျိုးဆက်သစ်အနုပညာရှင်များဟာ ရုပ်ရှင်၊ သဘင်၊ ဂီတလောကမှာ ထိုက်တန်တဲ့နေရာများ ရရှိခဲ့တာ တွေ့ရပါတယ်။**

ဒါကြောင့် မြန်မာ့အနုပညာရဲ့ အကိုင်းအခက် အစိတ်အပိုင်းတစ်ခုအဖြစ်သော်လည်းကောင်း၊ ပြည်သူများရဲ့စိတ်နှလုံးကို ရင်းနှီးကျွမ်းဝင်ဆွဲဆောင်နိုင်တဲ့ စွမ်းရည်သတ္တိရှိတဲ့ အနုပညာတစ်ရပ်အနေဖြင့်သော် လည်းကောင်း ယခုပြိုင်ပွဲကြီးမှာ "ပြဇာတ်"ကို ပြန်လည်ဖော်ထုတ်ပေးရခြင်းဖြစ်ပါတယ်။

ပြိုင်ပွဲဝင်ပြဇာတ်အနုပညာရှင်များကလည်း နိုင်ငံတော်အစိုးရရဲ့စေတနာကို သိမြင်တုံ့ပြန်တဲ့အနေနဲ့ ပြဇာတ်အနုပညာရဲ့ ပြည်သူများအပေါ် စည်းရုံးစေ့ဆော်ဆွဲဆောင်သိမ်းသွင်းနိုင်တဲ့စွမ်းအားကို အပြုသဘောဖြင့် ထိရောက်စွာ အသုံးချပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများရဲ့ မွန်မြတ်မြင့်မားတဲ့ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရအောင် ဦးတည်ကြိုးပမ်း တင်ဆက်ယှဉ်ပြိုင်သွားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

အခြားအခြားသော ပြိုင်ပွဲအမျိုးအစားကဏ္ဍများအားလုံးမှာလည်း (၁၅)ကြိမ်မြောက် ပြိုင်ပွဲအဆင့်ရောက်ရှိသည်အထိ အတွေ့အကြုံကောင်း၊ အစဉ်အလာကောင်းများ ရရှိပြီးဖြစ်တာနဲ့အညီ ပြိုင်ပွဲကြီးရဲ့ မွန်မြတ်မြင့်မားတဲ့ ရည်မှန်းချက်များ အောင်မြင်သည်အထိ ဦးတည်ကြိုးပမ်း တင်ဆက်ယှဉ်ပြိုင်နိုင်ကြမှာ မလွဲဘူးလို့ စိတ်ချယုံကြည်ထားပါတယ်။

ဒါ့အပြင် ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ကြမယ်ဆိုတဲ့ တူညီသောစိတ်ဝမ်းဖြင့် အတူယှဉ်တွဲအားထုတ်ကြိုးပမ်းကြခြင်းအားဖြင့် ပြိုင်ပွဲဝင်အနုပညာရှင်များအကြား ညီရင်းအစ်ကိုမောင်ရင်းနှမစိတ်ထား၊ ထိုမှတစ်ဆင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ ပိုမိုတိုးပွားခိုင်ခံ့လာလိမ့်မယ်လို့လည်း ယုံကြည်ထားပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်လို့ ယနေ့ခေါ်တွင်နေတဲ့ နယ်နိမိတ်အဝန်းအဝိုင်းအတွင်း ရှေးနှစ်ပေါင်းအတီတေကစတင်ပြီး မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ အတူတကွ ပေါင်းစည်းယှက်နွယ်နေထိုင်လာခဲ့ကြရာက နှစ်ပေါင်းထောင်ချီတဲ့ သမိုင်းစဉ်ကာလတစ်လျှောက်မှာ တိုင်းရင်းသားအားလုံးရဲ့ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတွေ၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်ကျင့်ကြံမှု အမူအကျင့်ဓလေ့စရိုက်တွေ၊ တွေးခေါ်မြော်မြင်မှု အယူအဆသဘောတရားတွေ၊ သုတ ရသ တီထွင်ဖန်တီးသီကုံးစီခြယ်မှု အနုပညာရပ်တွေအားလုံး ပေါင်းစုံရောယှက်ပြီး မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီးအဖြစ် ပေါ်ထွန်းဖြစ်တည် တည်တံ့နေခဲ့တာ ယနေ့ထက်တိုင်ပဲ ဖြစ်ပါတယ်။

ဒီမြန်မာ့ယဉ်ကျေးမှု အဆောက်အအုံကြီးဟာ မြန်မာ့ရေမြေသဘာဝ၊ မြန်မာတိုင်းရင်းနွယ်ဖွား လူမျိုးစုများအားလုံးရဲ့ မျိုးရိုးဗီဇတို့က ပေါက်ဖွားလာတာဖြစ်တဲ့အလျောက် မြန်မာ့လူ့ဘောင်နဲ့ ဆီလျော်အအပ်စပ်ဆုံးလည်း ဖြစ်ပါတယ်။

**ယနေ့တိုင် ခမ်းနားထည်ဝါဆဲ၊ တင့်တယ်ခိုင်ခံ့ဆဲ၊ မြန်မာလူမျိုးတို့ရဲ့ နှလုံးအိမ်ထဲမှာ စွဲမြဲနေရာယူဆဲဖြစ်တဲ့ မြန်မာ့ယဉ်ကျေးမှုအဆောက်အအုံကြီးကို ပိုမိုတောက်ပြောင်ခမ်းနားအောင်၊ ခေတ်ကာလနှင့်လျော်ညီစွာ တိုးတက်စည်ပင်ဖြစ်ထွန်းအောင် ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ပေးကြဖို့ဟာ တစ်မျိုးသားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်။**

ပစ္စုပ္ပန်ကာလရဲ့ လိုအပ်ချက်လည်းဖြစ်၊ အတိတ်သမိုင်းရဲ့ စေ့ဆော်မှုလည်းဖြစ်တဲ့အပြင် အနာဂတ်ကာလရဲ့ တောင်းဆိုမှုလည်းဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရေးက အစပြုတဲ့ ဒီအမျိုးသားရေးတာဝန်ကြီးကို ဆင်ခြင်နှလုံးသွင်းရင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးရဲ့ ဦးတည်ချက်များ အောင်မြင်ပြည့်မြောက်စေရအောင် အားလုံးက ကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-

- **အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ခြင်းအားဖြင့် မြန်မာလူမျိုးတို့ရဲ့ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ၊ အမျိုးသားရေးစံနှုန်းများနဲ့ လူမှုတန်ဖိုးစွမ်းအားများ ပိုမိုအားပြည့်ခိုင်မာစေရအောင် အနုပညာစွမ်းပကားဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါ။**
- **မျိုးဆက်သစ်လူငယ်များကို မြန်မာလူမျိုးတို့ရဲ့ သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါမှုတို့ကို ခံစားသိမြင်စေခြင်းအားဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် ထာဝရနိုးကြားရှင်သန်စေပြီး တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက် လွှမ်းမိုးမှုကို ကာကွယ်တားဆီးနိုင်စေရအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြပါ**

လို့ တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ (သတင်းစဉ်)

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတကာနဲ့ တိုးမြှင့်ဆက်ဆံဆောင်ရွက်ရမှုတွေ၊ ခေတ်မီဆက်သွယ်ရေးနည်းပညာ တိုးတက်ပြောင်းလဲမှုများရဲ့ ရိုက်ခတ်မှုတွေ၊ စီးပွားရေး ကူးလူးဆက်ဆံမှုများရဲ့ လွှမ်းမိုးမှုတွေကြောင့် မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ရိုးရာဓလေ့အစဉ်အလာနဲ့ မအပ်စပ်တဲ့ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်လာမှုတွေကို အမျိုးသားယဉ်ကျေးမှု ကိုယ်ခံစွမ်းအားကောင်းကောင်းနဲ့ ကြံ့ကြံ့ခိုင်ခိုင် ကာကွယ်တားဆီးနိုင်ဖို့ လိုအပ်ပါတယ်။

# အေးအေးနေစမ်းပါရစေ

**အညာသား**

ကျုပ် အညာသား။ အသက် ၇၀ချင်း၊ ဝေဒနာသည်။ စာပေမရေးသားဖူးသော်လည်း ရင်ထဲ မခံမရပ်နိုင်လောက်အောင် ခံစားနေရလွန်းလို့ တတ်မှတ်သလောက် သည်စာရေးမိတာ ခွင့်လွှတ်ကြပါ။ ရေးခွင့် (ပြောခွင့်) ပြုကြပါ။

ကျုပ်မသေခင် တစ်ပွဲလောက်နွဲ့သွားချင်ပါဘိ။ ဘာပွဲလဲ၊ ချီတက်လမ်းလျှောက်ပွဲ၊ ကိုင်မယ့် Poster က "အေးအေးနေစမ်းပါရစေ"။ သည်လိုပွဲများဖြစ်ခဲ့ရင် ကျုပ် ပါကိုပါမှာ၊ ကျုပ်ဝေဒနာအရ ခရီးဝေး မလျှောက်နိုင်တောင် တစ်မိုင်လောက် ကျော်ကျော်ပေါ့။

**RFA၊ BBC၊ VOA နားထောင်ကြည့်၊ တကယ့်ကို ဆွဆွပေးနေတာ။ ယုတ်ကန်းမှုတွေ သိပ်ကိုသိသာလွန်းလှတယ်။ မြန်မာနိုင်ငံသားတွေအပေါ် သည်လောက် အမြင်ငယ်နေပါလား–ပေါ်လွင်ပါဘိ။ သြော်–မင်းတို့ ဘာရည်ရွယ်ချက်နဲ့ ဘယ်လိုဖောင်းပေးနေတာတွေကို အဆိုးမြင်အဖျက်အမှောင့်သမားတွေသာ နားယောင်ကြလိမ့်မယ်– မှတ်ထား။ မင်းတို့ ဘာဖြစ်စေချင်နေတယ်ဆိုတာ ဒို့သိပြီလို့ ပြောလိုက်ချင်တာ။**

**ငပွကြီးရဲ့ လက်ရာခြေရာတွေ ကမ္ဘာမှာ ထင်ကျန်ခဲ့၊ စွန်းထင်ဆဲဖြစ်ရပ်တွေ များစွာ၊ များစွာ။ နှာခေါင်းရှည်တွေ မြန်မာနိုင်ငံကို ဘယ်လောက် ချစ်ပြကြဦးမှာလဲ။ မြန်မာနိုင်ငံသား ဘယ်နှယောက်များ သူတို့ကြိုးဆွဲသလို ကပြကြဦးမှာလဲ။**

**ကျုပ်အသက် ၇၀ တန်းအတွင်းမှာ မင်းမဲ့တိုင်းပြည်အဖြစ်ကြုံခဲ့ရတာကို အမှတ်အရဆုံး၊ မြန်မာနိုင်ငံသားအများစု ကြုံခဲ့ကြမှာပါ။ မင်းမဲ့ဘဝ တိုင်းပြည်ကို ဘယ်သူ ကယ်တင်ခဲ့တာလဲ။ လက်ရှိအနေအထား ရောက်အောင် ဘယ်သူတွေ ဒိုင်ခံလုပ်နေပါသလဲ။ ဖြေကြစမ်းပါ။ ဆင်ကောင်ကြီး မြင်နေကြရပြီကို ဆင်ခြေရာ ဘာရှာနေစရာလိုလဲ။**

တိုင်းပြည်နဲ့ ချီမပြောတော့ဘူး၊ ကျုပ်တို့အညာကို လာလေ့လာကြ။

အညာမြို့တွေဟာ အရင်နဲ့ လုံးဝကွာသွားပြီ။ ဘာသာ၊ သာသနာရေးမှ အစ၊ လူမှုရေးအဆင့်အတန်း အလယ်၊ တွေးခေါ်မြော်မြင်မှု အဆုံး၊ အညာသားများ ခေတ်မီတိုးတက်နေကြပြီဆိုတာ မြင်တွေ့သွားလိမ့်မယ်။ အညာမြို့သားထက် တောနယ်သူ တောနယ်သားများ လူများစုလို့ ဆိုနိုင်တယ်။ အစွန်အဖျား ရွာသိမ်ရွာငယ်များပါမကျန် ယခင်ထက် ထူးခြားစွာ ပြောင်းသွားတာကတော့ **"စီးပွားရေး"**ပဲ။ လူများစု စီးပွားရေးချောင်လည်လာခဲ့ကြပြီ။ စပါးအခြေခံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ဂျုံ၊ ကြက်သွန်နီ/ဖြူ၊ ငရုတ်၊ မြေပဲ၊ ပြောင်းပါမကျန် သီးနှံစုံ ဖြစ်ထွန်းတော့ တောင်သူတွေ ကြီးပွားတိုးတက်ကြသည်ပေါ့။ အလားတူ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်တို့လည်း ထိုနည်းတူစွာ တိုးတက်မှုရှိလာကြတာ အားရစဖွယ်ပါ။

ဒါဘာကြောင့်လဲ။ နယ်မြေအေးချမ်း ငြိမ်သက်မှုရှိတယ်။ တံခါးဖွင့်အိပ်လို့ရတဲ့ခေတ်ဖြစ်နေပြီ။ ခိုးဆိုးလုယက်မှုတွေ မရှိသလောက် ပါးရှားသွားပြီ။

အဓိက ဟိုရွာသည်မြို့ ကူးလူးဆက်ဆံမှု လွယ်ကူခဲ့ပြီ။ တောသားတွေ မြို့အနှံ့ရောက်ခွင့်ရှိနေပြီ၊ မျက်စိပွင့်လို့ ဗဟုသုတ တိုးပွားလာကြပြီ၊ သွားကြလာကြ ရောင်းဝယ်ဖောက်ကားကြနဲ့၊ လူများစု တောင်သူများ သီးနှံဝင်ငွေကောင်းလို့ ရွာအများမှာ သွပ်မိုး အဖွေးသားတွေ မြင်လာစေချင်ပါဘိ။ ပွဲလမ်းသဘင် ခြိမ့်ခြိမ့်သဲနဲ့ အလှူအတန်းတွေ၊ ဘုရားပွဲတွေလဲ ပေါမှပေါ။ သြော်…လူတွေ လူတွေ သည်ခေတ်မှာ သည်လိုခံစားကြရ ဖြစ်ထွန်းကြရပါလား၊ ကြည်နူးစဖွယ်ပါ။ အေး–နေရာအနှံ့အပြားမှာ လက်ကြောမတင်းသူ၊ ရေသာခိုအချောင်လိုက် ပေါ့ပေါ့နေ ပေါ့ပေါ့စားသမားများတော့ ကျပ်တည်းရှာကြမပေါ့လေ။

လူ ၁၀၀ မှာ အနည်းဆုံး လူ ၆၀ ချောင်ချောင်လည်လည် ရှိနေကြပြီ။ ၂၀ ခန့်မှာ မှန်တမ်း ဆက်၍ဆက်ကာ ရုန်းကန်ကြိုးစားကြဆဲ။ အလားအလာလည်း ကောင်းပါ၏။ ကြိုးစားလျက်ရှိကြပါ၏။ အဲ–ကျန်လူ ၂၀ ဆိုသည်ကတော့ စာဖတ်သူဝန်းကျင်မှာလည်း ရှိနေမှာပါပဲ။ ဘဝကံအကျိုးပေးညံ့သူများ၊ ပစ္စက္ခကံ နုံချာသူများ၊ အဓိကအားဖြင့် လက်ကြောမတင်းသူများ ဖြစ်ကြလိမ့်မယ်။

ကျုပ်တို့ အညာမြို့အခြေအနေသိနိုင်ဖို့ ဈေးပတ်ဝန်းကျင်အနှံ့ လေ့လာကြည့်ကြစမ်းပါ။ တောနယ်အစုံမှ ရောင်းဝယ်ဖောက်ကားလာကြတဲ့သူ၊ ဘာနဲ့လာကြတယ်မှတ်သလဲ၊ လှည်းမစီးဘူး။ ကိုယ်ပိုင်ထော်လာဂျီ၊ ဘတ်စ်ကားငယ်များ၊ ဆိုင်ကယ်စီး တောသားဦးကြီးဒေါ်လေး ကျေးရွာသားများ၊ ပျားပန်းခပ် လှုပ်ရှားစည်ကားနေမှု မလွဲမသွေ တွေ့ရပေမယ်။ ဆွမ်းခံ သံဃာတော်များသပိတ်ကိုလည်း ဖွင့်ပြီးကြည့်။ ဆွမ်း၊ ဆွမ်းဟင်းတွေ အလျှံပယ် သပိတ်ပြည့်နီးပါး ရကြတာ အမှန်ပါ။ အညာသားတွေ အလှူရက်ရော တတ်ကြပါ၏။ ပညာတတ်ထွန်းကားသောမြို့မှာ ဘော်ဒါဆောင်များရှိချေ၏။ မြို့ရွာအနှံ့မှ ပညာရှာမှီးလာကြသူ ပေါလှပါ၏။ အောင်ချက်သတင်းလည်း ကောင်းလှပါ၏။ ကျောင်းသားအများလည်း စည်းကမ်းသေဝပ်ကြပါ၏။

ကျုပ်တို့မြို့ရဲ့ အဓိက ကုန်စည်ဒိုင် မုံရွာ၊ မန္တလေးနှင့် ကူးသန်းမှုမှာလည်း မှန်လုံ၊ ဒိုင်နာ ကားမျိုးစုံ ပေါမှပေါ။ အောင်ရတနာကားအသင်းဆိုကားစီးရေ ၃၀၀ ကျော် ပြေးဆွဲနေ၍ မန်း–မုံရွာ ရေအိုး ရေမှုတ်ပမာပါ။

ရထားနဲ့ မုံရွာသွားချင်လား။ မြစ်ကြီးနား၊ မန္တလေး သွားလိုရာသွား၊ အန္တရာယ်ကင်းပါ၏။ လမ်းပန်းခရီး ချောမွေ့နေပါပြီတည်း။

ခုပြောပြသော ကျုပ်တို့မြို့ပမာ တိုးတက်စည်ကားလာသော မြို့ရွာများ မြန်မာနိုင်ငံမှာ များစွာရှိကြမယ်လို့ ယုံတာပဲ။

**တပ်မတော်အစိုးရဟာ သူ့အလုပ်သူ ကြိုးပမ်းလုပ်ဆောင်နေတာပဲ။ တိုင်းပြည်မြို့ရွာ အေးချမ်းသာယာလာဆဲ လာလတ္တံ့ ဆိုတာကိုလည်း မြင်သာနေပြီကော။ ရေအားလျှပ်စစ်တွေ၊ ဆည်မြောင်းတာတမံတွေ၊ လမ်းတံတားတွေ ဒါတွေဟာ ကျုပ်တို့မရှိတဲ့နောက် နောင်သားစဉ်မြေးဆက်တွေအတွက် အဖိုးတန်အရင်းအနှီးများဆိုတာ ငြင်းနိုင်ကြပါသလား။**

**အစိုးရသက်တမ်းနှစ် သည်လောက်လေးမှာ သည်လိုတွေဖြစ်ထွန်းလာခြင်းကို ဘာလို့လက်မခံနိုင်ကြပါသလဲ။ ယခင့် ယခင် အစိုးရများခေတ်ကာလများမှာ သည်လိုဖြစ်ထွန်းခဲ့ပါသလား။ တိုင်းရင်းသား ၁၇ ဖွဲ့ အပြင် ဦးခွန်ဆာတို့ကိုပါ အဆင်ချောအောင်၊ ပြေလည်မှုရအောင် ဘယ်အစိုးရ စွမ်းဆောင်နိုင်ခဲ့ဖူးပါသလဲ။ မဲသဝေါ၊ မိုင်းယန်းတွေ မပြောတော့ပါဘူး။ တပ်မတော်ကြိုးစားလို့၊ အနာခံလုပ်လွန်းလို့ တိုင်းပြည်အေးချမ်းနေပါပြီ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ် အမှန်လျှောက်လှမ်းမိနေပါပြီ။**

RFA၊ BBC၊ VOA
နားထောင်ကြည့်၊ တကယ့်ကို ဆွဆွပေးနေတာ။ ယုတ်ကန်းမှုတွေ သိပ်ကိုသိသာလွန်းလှတယ်။ မြန်မာနိုင်ငံသားတွေအပေါ် သည်လောက် အမြင်ငယ်နေပါလား–ပေါ်လွင်ပါဘိ။ သြော်–မင်းတို့ ဘာရည်ရွယ်ချက်နဲ့ ဘယ်လိုဖောင်းပေးနေတာတွေကို အဆိုးမြင် အဖျက်အမှောင့်သမားတွေသာ နားယောင်ကြလိမ့်မယ်–မှတ်ထား။ မင်းတို့ ဘာဖြစ်စေချင်နေတယ်ဆိုတာ ဒို့သိပြီလို့ ပြောလိုက်ချင်တာ။

ကျုပ် ၇၀ သက်တမ်းသမား သာခု အမှန်ခေါ်မိပါတယ်။ မောင်မင်းကြီးသားများ ကြိုးပမ်းပေးကြလို့ ကျုပ်အပါအဝင် မြန်မာနိုင်ငံသားအများ မကြောင့်မကြနေနိုင်၊ စီးပွားရှာနိုင်ကြပါပြီ။

နိုင်ငံရပ်ခြား အလုပ်ရှာသွားနေကြသူအများဟာ ကိုယ့်ပြည်တွင်းမှာ ငတ်ပြတ်နေလို့ ငတ်အသေမခံနိုင်လို့ သွားကြခြင်းမဟုတ်ပါဘူး။ ကိုယ့်လောဘနဲ့ကိုယ် သွားကြခြင်းပါ။ ပို၍ ပို၍ ကြီးပွားချင်ကြလွန်းလို့ လောဘအရင်းခံ ထင်ကြီးတစ်လုံးနဲ့ သွားကြသူအများပါ။ အမျိုးဘာသာ၊ သာသနာကို တွယ်တာသူ၊ အမိမြေတန်ဖိုး–ဟိုရောက်မှ ပိုသိခွင့်ရလိုက်သူများ၊ ကျိတ်လွမ်း၊ ကျိတ် နောင်တရမိသူအများ ရှိကြပါလိမ့်မယ်။

ကျုပ်တို့ နယ်ထဲ ဆင်းမွှေကြည့်။ ဘယ်အိမ်ဝင်ဝင်၊ ဆေး၊ ကွမ်း၊ လက်ဖက် မတည်သော အိမ်၊ အကူအညီမပေးလိုသောအိမ် ရှာမှရှား၊ သိကြရလိမ့်မယ်။ မြန်မာ့ဓလေ့၊ တောရွာခေါင်လေ ပို၍ ပိုလို့ ချစ်စရာ၊ လေးစားစရာတွေ တွေ့မြင်ရလေပဲ။

**၅၆ သန်းကျော်သော မြန်မာနိုင်ငံဖွား တိုင်းရင်းသားအများစုသည် အေးအေးချမ်းချမ်း ဆူပူမှုကင်းရှင်းစွာ ကိုယ့်ဝမ်းကိုယ် ရှာစားနေလိုကြပါ၏။ ဒို့အရေးဆိုသော ၈၈ အနိဋ္ဌာရုံကြီးကို ပြန်၍လည်း မတွေးလို၊ ထို့ထက်ပြန်၍လည်း မဖြစ်စေလို။ လူများစုကြီးသည် ယခုလက်ရှိ အနေအထားအပေါ် အကျေနပ်ကြီး ကျေနပ်လျက်ရှိကြပါ၏။**

**တိုင်းဆူပြည်ဖျက် လုပ်လိုသူ လူလက်တစ်ဆုပ်စာကို ရှုံ့မုန်းပါ၏။ ထို့ထက် ရန်တိုက်ပေးနေကြသော ချကြကွ၊ ဆော်ကြကွ၊ ထွက်ခဲ့ကြပါလား၊ ဆော်ကြပါလား–ဘေးတီးပေးနေသော၊ လောင်စာကို ဓာတ်ဆီရွှဲရွှဲ ဆွတ်ပေးပြီး ထိုးသိပ်သွင်းပေးနေသော နှာခေါင်းရှည် အသံလွှင့်ဌာနများရဲ့ ရန်တိုက်ပေးမှုများ တစ်ရံတစ်ခါ နားဆင်ကြည့်စမ်းပါလေ။ ကျုပ်ဖြင့် အော့နှလုံးနာလှပါ၏။**

"အမည်မဖော်လိုသူ သံဃာတစ်ပါး၊ ဘယ်မြို့မှ ဦးဘခင် စသည် တစ်မျိုး"၊ "ပြည်သူကို ဘယ်လိုပြောစေချင်တာလဲ၊ ဘာဆက်လုပ်ဖို့ ရည်ရွယ်ပါသလဲ"စသည် စသည် ဘက်ပေါင်းစုံ၊ နည်းပေါင်းစုံစွာဖြင့် တိုင်းပြည်ဆူစေ၊ ပွက်စေအောင် သူတို့ အပတ်တကုတ် ကြိုးပမ်းနေချက်များကို စဉ်းစားတွေးခေါ်တတ်သူ မြန်မာအများ နားမယောင်မိကြပါ။ မင်းတို့ပညာ သည်လောက်ပဲလား၊ မေးစမ်းလိုပါ၏။

ပြည်သူများ အသိတရားကြွယ်ဝနေကြပါပြီ။
ပြည်သူများ ဗဟုသုတကုံလုံနေကြပါပြီ။
ပြည်သူများ နလပိန်းတုံးများ မဟုတ်ကြတော့ပါ။
မြန်မာနိုင်ငံသည် ကမ္ဘာမှာ သယံဇာတပေါကြွယ်ဝတဲ့ နိုင်ငံ။
မြန်မာနိုင်ငံသည် ပြာပုံဘဝနီးပါးမှ ကုန်းရုန်းထကာ ကိုယ့်အားကိုယ်ကိုး တိုင်းပြည်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

အစိုးရသက်တမ်းနှစ် သည်လောက်လေးမှာ သည်လိုတွေဖြစ်ထွန်းလာခြင်းကို ဘာလို့လက်မခံနိုင်ကြပါသလဲ။ ယခင့် ယခင် အစိုးရများခေတ်ကာလများမှာ သည်လိုဖြစ်ထွန်းခဲ့ပါသလား။ တိုင်းရင်းသား ၁၇ ဖွဲ့ အပြင် ဦးခွန်ဆာတို့ကိုပါ အဆင်ချောအောင်၊ ပြေလည်မှုရအောင် ဘယ်အစိုးရ စွမ်းဆောင်နိုင်ခဲ့ဖူးပါသလဲ။ မဲသဝေါ၊ မိုင်းယန်းတွေ မပြောတော့ပါဘူး။ တပ်မတော်ကြိုးစားလို့၊ အနာခံလုပ်လွန်းလို့ တိုင်းပြည်အေးချမ်းနေပါပြီ။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ် အမှန် လျှောက်လှမ်းမိနေပါပြီ။

# မန္တလေးဒေသ ကထိန်သင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၇

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၀ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၄၈ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ–တြိပူရ–မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် အပါး ၄၀၀တို့အတွက် မန္တလေးဒေသ အကြိမ်(၃၀)မြောက် ကထိန်သင်္ကန်းများကို ဖုန်း–၀၁–၅၄၅၂၀၅၊ ၀၁–၅၄၅၂၁၆၊ ၀၁–၅၅၅၁၇၃၊ ၀၁–၇၂၇၇၄၆၊ ၀၁–၅၃၆၃၄၈နှင့်၀၁–၅၄၂၂၃၆ တို့သို့ ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၁၀ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ(၁၃၃) ဓမ္မဝိဟာရ သုံးထပ်ဝိပဿနာဗိမာန် တည်ဆောက်ရေးလှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၁၇

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်း(အနောက်)ရပ်ကွက် ခဝဲခြံ(၂)လမ်း ပေါ်တော်မူဘုရားကျောင်းတိုက်ဝင်းတွင် တည်ထောင်ထားသော မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၁၃၃)မှ ဓမ္မဝိဟာရ သုံးထပ် ဝိပဿနာဗိမာန် တည်ဆောက်ရန်အတွက် ငွေကျပ် သိန်း ၇၀၀ ခန့်မှန်းနှုန်းဖြင့် ဆောက်လုပ်မည်ဖြစ်သည်။

လှူဒါန်းလိုသော အလှူရှင်များသည် ဆရာတော် ဖုန်း–၀၁–၆၅၃၂၀၄၊ ၆၆၃၆၂၉၊ ၆၉၉၇၃၈ နှင့် ၅၀၄၂၂၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

❒ စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

**ပြန်လည်ထူထောင်နေဆဲကာလ၊ တိုင်းပြည်အနှံ့ ဖွံ့ဖြိုးဝေဆာအောင် နေ့ညမနား ကြိုးပမ်းတည်ဆောက်နေသော တပ်မတော်အစိုးရအပေါ် ငြိုးသူရန်ဘက်ကြီးပမာ ထိုင်ဆဲ၊ ထဆဲ၊ အယုတ်တမာ စွပ်စွဲ၊ အပုပ်ချ၊ ထင်သလို စော်ကားရမ်းကားနေသော ငပွကြီးအုပ်စုကို ကျုပ် အော့နလုံးနာမိပါတယ်။ သစ္စာမဲ့ ဒေါ်လာစား လက်တစ်ဆုပ်စာများကိုလည်း သြချမိပါ၏။**

ဥပဒေဘောင်အတွင်း အေးချမ်းစွာ နေနေသော ပြည်သူအများကို ဗလာချီ နှိပ်စက်ပါမည်လော။ အဝေးက အသံနဲ့နှိပ်စက်နေတာ ဘယ်သူလဲ။

ကျုပ်တို့အညာသားများ အပါအဝင် ပြည်သူအများစုကြီးသည် ဥပဒေဘောင်အတွင်းမှ အေးအေးငြိမ်းငြိမ်း ရှာဖွေလုပ်ကိုင်စားသောက်နေကြပါ၏။ မိမိပတ်ဝန်းကျင် အေးချမ်းသာယာနေသလို နိုင်ငံတစ်ဝန်းလည်း ငြိမ်းချမ်းစေလိုပါ၏။

အညာမြို့မှာ စားဆီဈေးကြီးသည့်အခါ နိုင်ငံတော်က စားအုန်းဆီ တစ်ပိုင်တစ်နိုင် ကူညီရောင်းပေးခဲ့သလို စက်သုံးဆီ အခက်အခဲများစွာကြားမှ လျှပ်စစ်မီးကိုလည်း တတ်နိုင်သမျှ လင်းလက်ပေးခဲ့ပါ၏။

**ကမ္ဘာအနှံ့ အခြားတစ်ပါး တိုင်းနိုင်ငံများနှင့်စာသော် မြန်မာနိုင်ငံ၏ ဒုက္ခ၊ အနိဋ္ဌာရုံများဆိုသည်မှာ အဖျားအနားမျှသာပါလားလို့ လူတွေ(အများ) သတိပြုမိကြပါသည်။ တစ်ဆိတ်ကို တစ်အိတ်လုပ်၊ မှန်ဘီလူးဖြင့် ကြည့်ကြတဲ့ နိုင်ငံကြီးသားမပီသသူ ငပွကြီး ဦးဆောင် အရုံအပွားများ တစ်နေ့နေ့ ဝဋ်လည်ကြရပါလိမ့်မည်။**

**မြန်မာနိုင်ငံ၏ လက်ရှိအနေအထားကို အမှန်အတိုင်း မြင်ကြည့်ပေးကြပါ။ အနောက်ကမ္ဘာမှာ ဒုက္ခပင်လယ်ဝေနေကြရရှာသည့် နိုင်ငံများနှင့် ယှဉ်ကြည့်ကြပါ။ ယခုလက်ရှိ မြန်မာ့အကျပ်အတည်း ဆိုသည်များမှာ နေလာ နှင်းပျောက်သည့်ပမာ မဝေးတော့သည့်ကာလအတွင်း ဖြေရှင်းချောမွေ့သွားမည် အမှန်ဖြစ်ပါ၍ အေးအေးဆေးဆေး နေတော်မူကြပါခင်ဗျား။**

ရိုးသားကြိုးစား လုပ်စားသူတွေက လူများစုကြီးပါခင်ဗျား။ ကျုပ်တို့ မြန်မာနိုင်ငံမှာ ထမင်းငတ်သေသူ မပေါ်ပေါက်နိုင်ပါ။ ရိုးသားကြိုးစားလျှင် ဖြစ်ထွန်းနိုင်သည့် ရေခံမြေခံကောင်းလှသောနိုင်ငံ အမှန်ဖြစ်ပါသည်။ စုန်းပြူး ခွစာ လက်ကြောမတင်းတဲ့ ရာနှုန်းအနည်းငယ်မှာတော့ အခက်အခဲ အကျပ်အတည်း နည်းနည်းပါးပါးရှိရင်လည်း ရှိပါလိမ့်မည်။ မြတ်စွာဘုရား လက်ထက်တော်မှာလည်း ရှိခဲ့ဖူး၍ ကမ္ဘာ့နိုင်ငံအနှံ့မှာလည်း လူဆင်းရဲများ ရှိတတ်ကြသည်သာဖြစ်၍ ဥပေက္ခာပြုရုံပါပဲ။

**နိုင်ငံတော်အစိုးရနဲ့ လက်တွဲညီညီရှိကြတဲ့ ပြည်သူလူထုတွေ ပြည်နယ်နဲ့တိုင်းဒေသအနှံ့မှာ အမျိုးသားညီလာခံနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲတွေကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပနေတာကို တွေ့ကြတယ် မဟုတ်လား။**

**နိုင်ငံတော်ရဲ့ ဦးဆောင်မှုနောက်မှာ ကျုပ်တို့ပြည်သူတွေ ညီညီညွတ်ညွတ် ရှိနေတာ ပြည်တွင်း ပြည်ပ အဖျက်သမားတွေ သိရှိပြီး ကိုယ့်လုပ်ရပ်ကို ရပ်တန့်ဖို့သင့်ပါပြီ။**

ကျုပ်တို့အနေနဲ့ ဘယ်သူ့ကိုမှ အပြစ်လည်း မတင်လို၊ လက်တုံ့လည်း မပြန်လိုပါဘူး။

ကျုပ်တို့ ပြည်သူလူများစုက “အေးအေးနေစမ်းပါရစေ” ဆိုင်းဘုတ်ကြီးကိုင် နေထိုင်လိုပါကြောင်းပါခင်ဗျား။ ။

# ဖောက်ခွဲဖျက်ဆီးရေး ယမ်းပြင်းများ ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၇

**အမျိုးသားညီလာခံ ကျင်းပနေဆဲကာလက ညီလာခံ ပျက်စီးရာပျက်စီးကြောင်းအတွက် အကြမ်းဖက်ဖောက်ခွဲရန် ကြံစည် ကြိုးပမ်းမှုများကို ခိုင်လုံသောသတင်းများ ရရှိခဲ့သဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။**

ထို့အတူ အောက်တိုဘာ ၁၁ရက်တွင်လည်း တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးချက်အရ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေတောင်ကျောင်းတိုက်ဝင်းအတွင်းရှိ နန်းဦးကျောင်းတိုက်တွင် ကပ္ပိယအဖြစ် နေထိုင်သော အရှည်ကြီး(ခ) ကျော်မျိုးမင်း(ခ) မင်းမင်း၊ အသက် ၃၀ (ဘ) ဦးကျော်ငွေအား ခေါ်ယူစစ်မေးခဲ့သည်။



## မြှုပ်နှံထား

၎င်း၏ထွက်ဆိုချက်အရ မုံရွာခရိုင် ချောင်းဦးမြို့ ရွှေတောင်ကွက်သစ်နေ ဦးကျော်ငွေ၏ နေအိမ်အနီး မြေကြီးအတွင်း မြှုပ်နှံထားသော TNT ယမ်းတောင့်(၄၈)ခုကို ဖမ်းဆီးရမိခဲ့သည်။

## သိမ်းဆည်းရမိ

အဆိုပါ ယမ်းများမှာ အမေရိကန်နိုင်ငံလုပ် အပြင်းစား ဖောက်ခွဲရေးယမ်းများဖြစ်ပြီး အဝါဖျော့ရောင် (၈၅x၄၂x၄၂) မီလီမီတာအရွယ် အလေးချိန် (၀ ဒသမ ၅)ပေါင်ခန့်ရှိ စနက်တံထည့်ရန် အပေါက် တစ်ဖက်ပါ ယမ်းတုံး(၁၂)တုံး၊ အဝါဖျော့ရောင် (၂၆x၄၂x၄၂) မီလီမီတာအရွယ် အလေးချိန်(၀ ဒသမ ၁၈)ပေါင်ခန့်ရှိ အလယ်၌ စနက်တံထည့်ရန် အပေါက်ပါ ယမ်းတုံး(၁၈)တုံးနှင့် အဝါဖျော့ရောင် (၂၆x၄၂x၄၂) မီလီမီတာအရွယ် အလေးချိန် (၀ဒသမ၁၈)ပေါင်ခန့်ရှိ အခေါင်းပိတ်ယမ်းတုံး (၁၈) တုံး စသည်ဖြင့် အမြောက်အမြား သိမ်းဆည်းရမိခြင်းဖြစ်သည်။

ဖမ်းဆီးရမိသော အမေရိကန်နိုင်ငံလုပ် အပြင်းစား ဖောက်ခွဲရေးယမ်းများကို တွေ့ရစဉ်။

(အပေါ်ပုံနှင့် အောက်ပုံများ) (သတင်းစဉ်)






အထက်ပါယမ်းများ၏ ပိုင်ရှင်မှာ အထက်ဖော်ပြပါ နန်းဦးကျောင်းတိုက်တွင် သီတင်းသုံးသော ဦးကောဝိဒ သက်တော်(၂၃)နှစ်၊ ဝါတော်(၃)ဝါဖြစ်ပြီး နန်းဦးကျောင်းတိုက်တွင် ဝှက်ထားခဲ့ရာမှ ကပ္ပိယဖြစ်သူအရှည်ကြီး(ခ)ကျော်မျိုးမင်း(ခ) မင်းမင်းက နန်းဦးကျောင်းတိုက်မှ ဦးခေမိန္ဒ၊ ချောင်းဦးမြို့နယ်ဇာတိ ဖြူတုတ် (ခေါ်) ကျော်မျိုးဟိန်းတို့နှင့်အတူ ချောင်းဦးသို့ သယ်ယူရွှေ့ပြောင်း ဝှက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်။

ထိုသို့ ဖော်ထုတ်နေစဉ် အောက်တိုဘာ ၁၂ရက်ညနေ ၃နာရီကျော်ခန့်တွင် မြဝတီမြို့(၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ ရွှေပြည်စံရာ တည်းခိုခန်း၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ တည်းခိုနေသူ ကျိုက်ထိုမြို့မှ ဦးတင်အောင် ဒဏ်ရာရရှိပြီး တည်းခိုဆောင် အခန်းလေးခန်း ပျက်စီးသွားခဲ့သည်။

အထက်ပါဖြစ်စဉ်အရ သံဃာတော်များမှာ အသိမဲ့ အသုံးချခြင်းခံရသောကြောင့် ဝိနည်းတော်နှင့် အပ်စပ်ခြင်းမရှိသည့် ပြစ်မှုများတွင် ပါဝင်ပတ်သက်သွားရခြင်း ဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများနှင့် ဆက်စပ်လျက်ရှိကြောင်းနှင့် အလားတူ ပြည်ပမှ ဖောက်ခွဲရေးယမ်းနှင့် ဆက်စပ်ပစ္စည်းပေးပို့မှုများ ရှိနေသဖြင့် ဆက်စပ်သူများဖော်ထုတ်ရန် လိုအပ်သူများကို ခေါ်ယူမေးမြန်းစုံစမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးကို ပဲခူးတိုင်း ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

# ကိုလိုနီလက်သစ်များသည် နိုင်ငံငယ်များ၏ ပြည်တွင်းရေးကို မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး စွက်ဖက်ခြယ်လှယ်

# ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများအကြောင်းပြပြီး သတင်းမီဒီယာများမှတစ်ဆင့်

# ၎င်းတို့၏ပစ်မှတ်နိုင်ငံများအပေါ် သွေးထိုးမြှောက်ပင့်ကာ ဆူပူမှုများဖြစ်အောင်ဆောင်ရွက်နေ

# စီးပွားရေးပိတ်ဆို့မှုများချမှတ်ပြီး ပြည်သူများဆင်းရဲဒုက္ခရောက်အောင် လုပ်ဆောင်နေ

# စီးပွားရေးပိတ်ဆို့မှုသည် ဒီမိုကရေစီလမ်းကြောင်းကို နှောင့်နှေးစေမည့် အဟန့်အတားများသာဖြစ်

ရန်ကုန် အောက်တိုဘာ ၁၇

**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးကို အောက်တိုဘာ ၁၅ရက် နံနက် ၆နာရီခွဲတွင် ပဲခူးတိုင်း ပဲခူးမြို့ တိုင်းအားကစားကွင်း၌ ပဲခူးတိုင်းမှ မြို့မိ မြို့ဖများက ဥပဒေနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။**

အဆိုပါလူထုအစည်းအဝေးကြီးသို့ ပဲခူးတိုင်း ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ သနပ်ပင်၊ ကဝ၊ ဝေါ၊ ဒိုက်ဦး၊ ရွှေကျင်၊ ညောင်လေးပင်၊ ကျောက်တံခါးမြို့နယ်တို့နှင့် တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ဖြူး၊ ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်တို့မှ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများ၊ အလုပ်သမားများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူထုလူတန်းစားအဖွဲ့အစည်းအသီးသီးတို့မှ ပြည်သူများ စုစုပေါင်းအင်အား ၁၂၀၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

လူထုအစည်းအဝေးကြီး မစတင်မီ နံနက် ၅နာရီမှ စတင်၍ စစ်ကြောင်းမှူး ပဲခူးမြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းခိုင် ဦးဆောင်သော ပဲခူးစစ်ကြောင်းသည် ရွှေမော်ဓောစေတီအနောက်ဘက်မုခ်စုရပ်မှလည်းကောင်း၊ စစ်ကြောင်းမှူး ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ဇင်ဝင်း ဦးဆောင်သော တောင်ငူစစ်ကြောင်းသည် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှေ့ စုရပ်မှလည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် အလံကိုင်အဖွဲ့များ ဦးဆောင်ကာ စစ်ကြောင်းပုံဖြင့် စနစ်တကျချီတက်ကြပြီး လူထုအစည်းအဝေးကြီးကျင်းပမည့် တိုင်းအားကစားကွင်းကြီးသို့ ဝင်ရောက်နေရာယူကြသည်။

ယင်းသို့ စစ်ကြောင်းကြီးများဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံများကို တလူလူလွှင့်ထူ ကိုင်ဆောင်၍ တိုင်းအားကစားကွင်းကြီးသို့ စည်းကမ်းတကျဖြင့် ချီတက်နေရာယူကြရာတွင် ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသည့် ကြွေးကြော်သံများကို အားမာန်အပြည့်ဖြင့် တစ်ခဲနက် ကြွေးကြော်ကြပြီး ခရိုင်စစ်ကြောင်းအမည်၊ မြို့နယ်တို့၏ အမည်စာတန်းများကို ကိုင်ဆောင်၍ လည်းကောင်း၊ **"နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ"၊ "အမျိုးသားညီလာခံအား ထောက်ခံသည်"၊ "ဖွဲ့စည်းပုံအခြေခံဥပဒေအား ကြိုဆိုသည်" "ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ ဒို့လက်မခံ"၊ "ဗိုလ်ကျစိုးမိုးရေးဝါဒကျဆုံးပါစေ၊" "ပြည်တွင်းပြည်ပအဖျက်သမားများ အလိုမရှိ"၊"မိုးလုံးပြည့်မုသာဝါဒီ VOA, BBC, RFA, DVB အလိုမရှိ"၊ "ဆူပူအကြမ်းဖက်မှုကို မလိုလား"၊ "ဆူပူအုံကြွအောင်လုပ်သူ ပြည်သူ့ရန်သူ"၊ "တည်ငြိမ်မှုကို လိုလားသည်"၊ "အေးချမ်းမှုကို လိုလားသည်"** စသည့် လက်ကိုင်ပိုစတာများကို ကိုင်ဆောင်၍ လည်းကောင်း စနစ်တကျ ချီတက်ကြသည်။

လူထုအစည်းအဝေးကြီးတွင် သဘာပတိအဖြစ် တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်းကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညီညီမြင့်၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စမ်းစမ်းမြင့်၊ ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာတင်တင်ဝင်း၊ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး



အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးတွင် သဘာပတိ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်ရဲထွန်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တင်မြင့်(အငြိမ်းစား)၊ ပဲခူးမြို့မှ မြို့မိမြို့ဖများဖြစ်ကြသော ဦးလှနှင့်ဦးခင်မောင်ထွေးတို့က ဆောင်ရွက်ကြသည်။

လူထုအစည်းအဝေးကြီးတွင် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်ရွှေစင်မြတ်သိမ့်ကြွယ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်သိမ့်သိမ့်ခိုင်က တွဲဖက်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များသည် စင်မြင့်ပေါ်၌ နေရာယူကြပြီး အခမ်းအနားမှူးက သဘာပတိ၏ ခွင့်ပြုချက်အရ လူထုအစည်းအဝေးကြီး စတင်ကြောင်း ကြေညာကာ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအားအလေးပြုကြသည်။

ထို့နောက် သဘာပတိတောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်ရဲထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အသက်တမျှ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လိုအပ်သည့် အဖွဲ့အစည်းများအား အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး အမျိုးသားညီလာခံကြီးကို ၁၉၉၃ ခုနှစ် ဇန်နဝါရီ ၉ရက်တွင် စတင်ကာ ဦးတည်ချက်(၆)ရပ်နှင့်အညီ ကျင်းပနိုင်ခဲ့ကြောင်း။

သို့သော်လည်း ပြည်တွင်း၊ ပြည်ပ ပယောဂများကြောင့် ညီလာခံတွင် တက်ရောက်နေသော NLD ပါတီမှ ကိုယ်စားလှယ်များ ကျောခိုင်းသွား၍ အမျိုးသားညီလာခံကြီးကို ၁၉၉၆ခုနှစ်တွင် ယာယီရပ်ဆိုင်းခဲ့ရကြောင်း။

ယာယီရပ်ဆိုင်းခဲ့သည့် အမျိုးသားညီလာခံကြီးကို ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ထုတ်ပြန်ခဲ့ပြီး ပထမအဆင့် အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ရာ ယခုအခါ လုံးဝဥဿုံ အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးတွင် ပါဝင်ကြသည့် အစုအဖွဲ့ရှစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၀၇၁ဦးသည် အယူအဆအမျိုးမျိုး၊ အမြင်အမျိုးမျိုး ကိုယ်စီကိုယ်င ရှိကြသော်လည်း ပြည်ထောင်စုအကျိုးကို ဦးထိပ်ထားပြီး ညှိနှိုင်းဆွေးနွေး အကြံပေးခဲ့ကြသည့်အတွက် ယခုကဲ့သို့ အပြုသဘောဆောင်သည့် ရလဒ်ကောင်းများ ရရှိခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား နယ်ချဲ့လက်အောက်တွင် ရေးဆွဲခဲ့ရခြင်းဖြစ်ပြီး ကချင်၊ ကယား၊ ကရင်၊ ရှမ်းစသည့် ပြည်နယ်လေးပြည်နယ်တို့သာ ထည့်သွင်းဖွဲ့စည်းပေးထားခဲ့ခြင်းဖြစ်ကြောင်း။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည်လည်း တစ်ပါတီစနစ်ကို ကျင့်သုံးပြီး ဗဟိုကချုပ်ကိုင်သည့် စီးပွားရေးစနစ်ဖြင့် ရေးဆွဲခဲ့ခြင်းဖြစ်ပြီး ချင်း၊ မွန်နှင့် ရခိုင် တိုင်းရင်းသားများကိုပါ ပြည်နယ်ဖွဲ့စည်းခွင့် ပေးထားခဲ့ကြောင်း။

**အနာဂတ်တွင် ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ပြည်ထောင်စုကြီးကို တိုင်းဒေသကြီးခုနစ်ခုနှင့် ပြည်နယ်ခုနစ်ခုအပြင် '၀' တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု၊ နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်နှင့် ကိုးကန့်စသည့် တိုင်းရင်းသားများအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသငါးခုတို့ကိုပါ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။**

**ထို့အပြင် တိုင်းဒေသကြီးများ၊ ပြည်နယ်များပါ အစိုးရအဖွဲ့များ ဖွဲ့စည်းပြီး နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးအာဏာများကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန်နှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းရန် ဆိုသည့် အခြေခံမူနှင့်အညီ ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်း သွားမည်ဖြစ်ကြောင်း။**

**ယခု ချမှတ်လိုက်သည့် အခြေခံမူများသည် တိုင်းရင်းသား အခွင့်အရေးများကို ပကတိအရှိတရားအပေါ်တွင် အခြေခံပြီး အထူးတလည် ပေးအပ်ထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ⇨



**ပဲခူးတိုင်း ပဲခူးမြို့ အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုပွဲ လူထုအစည်းအဝေးကြီးတွင် အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်ရွှေစင်မြတ်သိမ့်ကြွယ်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်သိမ့်သိမ့်ခိုင်တို့ ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

# နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းမည်



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်စိုး ဖတ်ကြားတင်သွင်းစဉ်။** (သတင်းစဉ်)

➪ စာမျက်နှာ ၆ မှ

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအပေါ် အခြေခံကာ ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲပြီး ပြည်သူလူထု၏ ဆန္ဒခံယူအတည်ပြုချက်ရယူကာ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး ယခုကဲ့သို့ ချောမွေ့စွာ အောင်မြင်ပြီးစီးနိုင်ရေးအတွက် ကိုယ်စားလှယ်တော်ကြီးများသည် မိမိတို့၏ စီးပွားရေး၊ လူမှုရေးများကို စွန့်လွှတ်အနစ်နာခံကာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အားထုတ်ကြိုးပမ်းမှုတို့ကြောင့်ပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်များသည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံအုတ်မြစ်များပင်ဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ များပြားလှပြီး ရှည်လျားလှသော သမိုင်းကြောင်းများရှိသည့်အတွက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အလွန်အရေးကြီးလှပါကြောင်း၊ ယခင်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ခြင်းမပြုနိုင်ခဲ့သည့်အတွက် အထင်အမြင်လွဲမှားမှုများ ဖြစ်ခဲ့ရပြီး တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့ရပါကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့် ဆက်နွှယ်ပြီး ဖွံ့ဖြိုးတိုးတက်မှုပါ နောက်ကျခဲ့ကြောင်း၊ လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံး ကွက်လပ်မကျန်အောင် ဖွံ့ဖြိုးတိုးတက်စေရေးကို ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ခေတ်အဆက်ဆက်က အစိုးရကို ဆန့်ကျင်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးကို ရယူနိုင်ခဲ့ခြင်းကြောင့် လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်ပေါင်းများစွာသည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြပြီး နိုင်ငံတော်အကျိုး၊ တိုင်းရင်းသား ပြည်သူများအကျိုးကို ထမ်းဆောင်လာခဲ့ကြကြောင်း။

ကမ္ဘာ့အလယ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝစဉ် တည်တံ့ရပ်တည်နိုင်ရေးအတွက် ကာကွယ်ရေးစွမ်းအား၊ စီးပွားရေးစွမ်းအားနှင့် စည်းရုံးရေးစွမ်းအားများ တောင့်တင်းခိုင်မာစေရန် လိုအပ်ကြောင်း၊ အဆိုပါအချက်များနှင့် ပြည့်စုံစေသည့် အခြေခံမူများကို အနာဂတ်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှသာ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းမည်ဖြစ်သကဲ့သို့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ဖြစ်ထွန်းပါမှလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ဒီမိုကရေစီဆိုသည်မှာ အမိနိုင်ငံတော်နှင့် ပြည်သူများကို လွတ်လပ်စွာ နှောင့်ယှက်ခွင့်၊ ဒုက္ခပေးခွင့်၊ မိမိတို့အာဏာရရေးအတွက် မည်သည့်အရာမဆို လုပ်ပိုင်ခွင့်ရှိသည်ဆိုသည့် အယူအဆ အမှားများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေကြောင်း၊ ဒီမိုကရေစီကို ရပိုင်ခွင့်တစ်ခုအနေဖြင့် အသုံးပြုမည့်အစား အများအကျိုးရှိအောင် ရိုးသားဖြူစင်သည့် အကျင့်သီလများနှင့် တွေးခေါ်ရေးသား၊ ပြုမူနေထိုင်ကြရမည်ဖြစ်ကြောင်း။

ယခုအခါတွင် ကိုလိုနီလက်သစ်များသည် နိုင်ငံငယ်လေးများ၏ ပြည်တွင်းရေးကို မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ပြီး ဝင်ရောက်စွက်ဖက် ခြယ်လှယ်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးများ အကြောင်းပြပြီး သတင်းမီဒီယာများမှတစ်ဆင့် ၎င်းတို့၏ ပစ်မှတ်အဖြစ် သတ်မှတ်ထားသည့် နိုင်ငံများအပေါ် သွေးထိုးမြှောက်ပင့်ပေးကာ ဆူပူအကြမ်းဖက်မှုများ ဖြစ်လာအောင် ဆောင်ရွက်နေကြကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေသည့် စီးပွားရေးပိတ်ဆို့မှုများကိုချမှတ်ပြီး ပြည်သူများ ဆင်းရဲဒုက္ခရောက်အောင် လုပ်ဆောင်နေကြကြောင်း၊ စီးပွားရေးပိတ်ဆို့မှုများသည် ရည်မှန်းချက်၏ ဆန့်ကျင်ဘက် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပြီး ဒီမိုကရေစီလမ်းကြောင်းကို နှောင့်နှေးစေမည့် အဟန့်အတားများသာ ဖြစ်စေကြောင်းကို ထောက်ပြလိုကြောင်း။

ပြည်သူများအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး ပကတိအခြေအနေမှန်အတိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထိုသို့မဟုတ်ဘဲ တိုင်းတစ်ပါး အဖျက်သမားများ၏ မြှောက်ထိုးမှုများအတိုင်း ပေးကမ်းချီးမြှောက်မှုများကို မျှော်ကိုးပြီး နိုင်ငံတော်ကို ဆန့်ကျင်နေမည်ဆိုလျှင် ပြည်သူများ မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်အား လှမ်းကိုင်နိုင်ရန် အခက်အခဲနှင့် တွေ့ကြုံနေရမည်သာဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပကတိအခြေအနေမှန်ကို မသိသော တိုင်းတစ်ပါး၏ လိုလားချက်များအတိုင်း ဆောင်ရွက်နေကြမည့်အစား နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှုရှိပြီး ပြည်တွင်းက စစ်မှန်သည့် အင်အားများဖြစ်သည့် နိုင်ငံတော်၊ တပ်မတော်၊ ပြည်သူများ၏ စွမ်းအားများဖြင့် ပူးပေါင်းကာ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသည့် ပြည်သူလူထုကြီးကို လေးလေးနက်နက် တိုက်တွန်းပြောကြားလိုသည်မှာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးအား ယုံကြည်လေးစား ထောက်ခံကြောင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ဆက်လက်ခံယူ ကျင့်သုံးသွားပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းရေးကို မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အင်တိုက်အားတိုက် တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ဟု ပြောကြားသွားသည်။

ယင်းနောက် ပဲခူးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်စိုးက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို တင်သွင်းရာတွင် ယနေ့ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားလူမျိုး ၁၀၀ကျော်ကို ကိုယ်စားပြုသော တိုင်းရင်းသား ကိုယ်စားလှယ်များ၊ တရားဝင် ရပ်တည်နေသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါမကျန် အဖွဲ့အစည်းပေါင်းစုံကို ကိုယ်စားပြုသော စစ်မှန်သည့် အမျိုးသားညီလာခံကြီးပင်ဖြစ်ကြောင်း။

အဆိုပါညီလာခံကြီးတွင် မိမိတို့ ပဲခူးတိုင်းကို ကိုယ်စားပြုသည့် တိုင်းရင်းသားကိုယ်စားလှယ် ၂၅ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ် လေးဦး၊ အလုပ်သမားကိုယ်စားလှယ်သုံးဦးနှင့် အသိပညာရှင် အတတ်ပညာရှင် အစုအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၃၃ဦးတို့ တက်ရောက်ခဲ့ကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများကို ကြည့်မည်ဆိုလျှင်လည်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် အမျိုးသားရေးမူဝါဒပေါ်တွင် အခြေခံပြီး ရေးဆွဲထားခြင်းဖြစ်ကြောင်းကို တွေ့ရှိရကြောင်း။

အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများသည် ၁၉၄၇ခုနှစ်နှင့် ၁၉၇၄ခုနှစ် အခြေခံဥပဒေများနှင့် များစွာကွာခြားသည်ကို လေ့လာသိရှိရပါကြောင်း၊ ယခုချမှတ်လိုက်သည့် အခြေခံမူများသည် တိုင်းရင်းသားများအတွက် အခွင့်အရေးများ ပိုမိုရရှိခံစားစေကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသငါးခုတို့ကိုပါ ပြည်ထောင်စုကြီးအတွင်း ထည့်သွင်းဖွဲ့စည်းပေးခဲ့ကြောင်း။

ထို့အပြင် ပြည်နယ်နှင့်တိုင်း ဒေသများတွင် အစိုးရအဖွဲ့များ ထားရှိပြီး ဝန်ကြီးချုပ်များဖြင့် စီမံအုပ်ချုပ်သွားမှာဖြစ်သည့်အပြင် ဥပဒေပြုရေး အာဏာများကိုပါ ခွဲဝေကျင့်သုံးပိုင်ခွင့် ပေးထားကြောင်း၊ ပြည်နယ်နှင့်တိုင်း လွှတ်တော်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိပြီးသည့် တိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသား လူမျိုးများအနက် နိုင်ငံတော် လူဦးရေ၏ ဝ ဒသမ ၁ ရာခိုင်နှုန်းနှင့်အထက် လူဦးရေရှိသည့် လူမျိုးတစ်မျိုးတိုင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်တစ်ဦးကျစီ ရရှိမှာဖြစ်ကြောင်း။

ဘာသာရေးနှင့် ပတ်သက်၍ ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့် မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာ၊ သာသနာရေးတွင် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှ ရရှိရမည်ဟူသော အခြေခံမူကိုလည်း ထည့်သွင်းပေးထားကြောင်း။

စီးပွားရေးဆိုင်ရာ အခြေခံမူများထဲတွင် နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူခြင်းမပြုသကဲ့သို့ တရားဝင်ထုတ်ဝေထားသော ငွေကြေးများကိုလည်း တရားမဝင်ငွေကြေးအဖြစ် သိမ်းယူခြင်းမပြုဟု အများပြည်သူအကျိုးစီးပွားရေးအတွက် အာမခံချက်ပေးထားသည်ကို တွေ့ရှိရကြောင်း။

နိုင်ငံခြားရေးနှင့် ပတ်သက်ပြီး အခြေခံမူများထဲတွင် နိုင်ငံတော်အနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမှာဖြစ်ကြောင်း၊ အခြားမည်သည့်နိုင်ငံကိုမှ ကျူးကျော်ခြင်း မပြုသကဲ့သို့ မိမိနိုင်ငံအတွင်းမှာလည်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟု အမျိုးသားရေးအကျိုးကို မျှော်မှန်းပြီး ရေးဆွဲချမှတ်ထားသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ယနေ့အချိန်အခါတွင် ပြည်တွင်းပြည်ပ အဖျက်သမားများသည် နိုင်ငံအတွင်း မငြိမ်သက်မှုများ ဖြစ်လာအောင် ဖန်တီးပေးရင်း မြေပေါ်မြေအောက်အဖျက်သမားများကို ငွေကြေးနှင့် အခြားပစ္စည်းများ ထောက်ပံ့ပေးနေခြင်းတို့ကိုလည်း တစိုက်မတ်မတ် ဆောင်ရွက်လာကြကြောင်း။

တစ်ဖက်တွင်လည်း ပြည်တွင်းဆူပူမှုများဖြစ်ပွားလာစေရန် ပြည်ပအသံလွှင့်ဌာနများဖြစ်ကြသည့် BBC,VOA,RFA နှင့် DVB အသံလွှင့်ဌာနများနှင့် ပူးပေါင်းပြီး အမျိုးမျိုးဝါဒဖြန့်ချိကာ နေ့စဉ် လီဆယ်လုပ်ကြံထုတ်လွှင့်လျက်ရှိကြောင်း။



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သူဇာသောင်း ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

ယင်းသို့ လုပ်ဆောင်နေခြင်းများသည် ပြည်သူတို့၏ အေးချမ်းတည်ငြိမ်မှုကို ပျက်ပြားစေပြီး နိုင်ငံတော်အစိုးရနှင့် ပြည်သူများ တညီတညွတ်တည်း လက်တွဲကြိုးပမ်း ချီတက်လျက်ရှိသည့် အမျိုးသားနိုင်ငံရေးလမ်းကြောင်းကို ထိခိုက်သွားစေနိုင်ကြောင်း။

သို့သော် ယနေ့ ပြည်သူလူထုအများစုသည် တည်ငြိမ်မှု၊ လုံခြုံမှု၊ အေးချမ်းမှုနှင့် တရားဥပဒေ စိုးမိုးမှုတို့ကိုသာ လိုလားပြီး (၁၉၈၈)ခုနှစ်ကကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ပေါ်ပေါက်မည်ကို မလိုလားကြကြောင်း။

အများပြည်သူတို့၏ အမှန်တကယ် လိုလားတောင့်တသည်မှာ အချုပ်အခြာအာဏာပိုင်သည့် ပြည်ထောင်စုကြီးတွင် တိုင်းရင်းသားများ ဥမကွဲသိုက်မပျက်ခွင့်တူညီမျှ နေထိုင်မှုဘဝဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး ခေတ်မီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးပင် ဖြစ်ကြောင်း။

ခေတ်ဟောင်း၊ စနစ်ဟောင်း အတွေးအခေါ်ဟောင်းများကို ဆန့်ကျင်ဖယ်ရှားလျက် နိုင်ငံတကာနှင့် တန်းတူရည်တူ သင့်မြတ်ထည်ဝါစွာ ဆက်ဆံရပ်တည်နိုင်ပြီဖြစ်သည့် အခြေအနေကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စိမ်းလန်းစိုပြည်ရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံကောင်းများ ဖြစ်တည်လာချိန်တွင် စိုက်ပျိုးရေးကို အခြေခံသော စက်မှုလက်မှုကဏ္ဍသစ်ဖြင့် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်နေပြီဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို အရင်းတည်လျက် နိုင်ငံတော်၏ ပေါကြွယ်ဝသည့် သယံဇာတများ၊ စီးပွားရေး အရင်းအမြစ်များကို နိုင်ငံတော်က အကျိုးရှိရှိ အသုံးပြုကာ ဘက်စုံဖွံ့ဖြိုးတိုးတက်သော ခေတ်မီဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ အမြန်ရောက်ရှိစေရေးအတွက် လက်တွဲညီညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ထို့ကြောင့် ယနေ့ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံကြိုဆိုကြောင်းးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိကြသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို လေးလေးနက်နက် တင်သွင်းလိုက်ပါကြောင်းဖြင့် တင်သွင်းသွားသည်။

ထို့နောက် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်သူဇာသောင်းက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပ အသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် မကြာသေးမီက အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများတွင် ယခင်က ကျင့်သုံးခဲ့သည့် (၁၉၄၇)ခုနှစ် နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် (၁၉၇၄)ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ထက်ပိုပြီး ခိုင်မာပြည့်စုံသည်ဖြစ်ကြောင်း၊ ယခင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများနှင့် နှိုင်းယှဉ်ပါက ယခုချမှတ်ထားသည့် အခြေခံမူများသည် မြန်မာနိုင်ငံ၏ ပကတိအရှိတရားပေါ်တွင် အခြေခံပြီး တိုင်းရင်းသားများ၏ အခွင့်အရေးကို အထူးတလည် ပေးအပ်ထားကြောင်းကို ထင်ရှားစွာတွေ့ရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ တာဝန်များနှင့် စပ်လျဉ်း၍-

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❁

# ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁၇

ခိုင်မာသော ပြည်ထောင်စု စိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊ တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်ဟူသော ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ စည်ကားသိုက်မြိုက်စွာဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။





(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ ဂုဏ်ပြုတေးသီချင်းအား အနုပညာရှင်များ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ ပြိုင်ပွဲကျင်းပရေးနာယက အဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်များ၊ ဒုတိယရှေ့နေချုပ်များ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်များကို နံနက် ၇ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမ ဥပစာရှေ့၌ကျင်းပရာ ပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များ၊ ပြည်နယ်နှင့်တိုင်း ၁၄ ခုတို့မှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ဝတ်စုံများ ဝတ်ဆင်ထားသော ပြိုင်ပွဲဝင် အမျိုးသမီးများ၊ အကပြိုင်ပွဲဝင် ၁၆ သင်းတို့မှ ဝါသနာရှင်အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တို့မှ ပြိုင်ပွဲဝင်ကြမည့် အကဝတ်စုံများ ဝတ်ဆင်ထားကြသည့် ပြိုင်ပွဲဝင် အမျိုးသမီးများနှင့် ယဉ်ကျေးမှု တက္ကသိုလ်မှ ကလပ်နှင့်ဖဲကြိုး၊ ကြက်လျှာကိုင် မြန်မာဝတ်စုံဝတ် အမျိုးသမီးငယ်များက သတ်မှတ်နေရာ အသီးသီးတို့၌ နေရာယူကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်တွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်းနှင့် ဒေါ်သီတာဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

အစီအစဉ်အရ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယနေ့သည် ခိုင်မာသည့် ပြည်ထောင်စု စိတ်ဓာတ်အပေါ် အခြေခံပြီး မျိုးချစ်စိတ်ဓာတ်၊ ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ ရေရှည်တည်တံ့ ထိန်းသိမ်းထားနိုင်ရေး အတွက် ၁၉၉၃ခုနှစ်တွင် စတင်ကျင်းပခဲ့ရာမှ ယခုဆိုလျှင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခါသမယသို့ပင် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း။

ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ အနေဖြင့် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် ပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်နယ်၊ တိုင်းအသီးသီးက ပြိုင်ပွဲဝင် ညီအစ်ကိုမောင်နှမများ ကိုယ်စိတ်နှစ်ပါး ပျော်ရွှင်ချမ်းမြေ့စွာ ပြိုင်ပွဲဝင်နိုင်ရေး အတွက် ကြိုဆိုရေး၊ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ကျန်းမာရေး အပါအဝင် လိုလေသေးမရှိ အစစအရာရာ ကြိုတင် ပြင်ဆင်ထားရှိပြီး ဖြစ်ကြောင်း။

ယခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဦးတည်ချက်(၅)ရပ်အပေါ်အခြေခံပြီး ယခင်နှစ်က ပြိုင်ပွဲဝင် အဆင့် (၆)ဆင့် သတ်မှတ်ချက်အတိုင်း ဝါသနာရှင် ပထမတန်းအဆင့်၊ ဝါသနာရှင်ဒုတိယတန်းအဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာ အသက် (၁၅-၂၀)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ယခုနှစ် ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့် တိုင်းအသီးသီးက ပြိုင်ပွဲဝင် ၁၈၁၃ ဦးနှင့် ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်အင်အား ၂၄၄၅ ဦး ရှိပြီး ယခင်နှစ်ကထက်ပြိုင်ပွဲဝင်မည့် လူအရေအတွက်နှင့် ဘာသာရပ်များ တိုးတက်များပြားလာသည်ကိုလည်း အားရဖွယ်တွေ့မြင်ရကြောင်း၊ ပြိုင်ပွဲဝင်များ၏ အရည်အသွေးနှင့် ကိုက်ညီသည့် ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားရန် ပြင်ဆင် စီမံထားရှိပြီးဖြစ်။



အဆင့်၊ အခြေခံပညာ အသက် (၁၀-၁၅)အဆင့်၊ အခြေခံပညာ အသက် (၅-၁၀)အဆင့် သတ်မှတ် ယှဉ်ပြိုင်သွားရမည်ဖြစ်ကြောင်း။

ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူ ဘာသာရပ်အလိုက် ပြိုင်ပွဲအမျိုးအစား တိုးတက်များပြားလာသည်ကို တွေ့မြင် ကြည့်ရှုခွင့်ရမည်ဖြစ်ကြောင်း၊ ယင်းသည်လည်း ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ မှာကြားချက်အရ တစ်ခေတ်တစ်ခါက ထင်ရှားကျော်ကြားခဲ့သည့် မြတ်နိုးဖွယ်ရာ မြန်မာ့ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်း စသော ကဗျာစာပေများကို ပြန်လည်ဆန်းသစ်ဖော်ထုတ် သီဆိုယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း။

အလားတူ ပြဇာတ်ဘာသာရပ်ပြိုင်ပွဲအဖြစ် "စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ဆိုသော ပြဇာတ်ခေါင်းစဉ်ဖြင့် နိုင်ငံတော်အတွင်း တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း။

ထို့အပြင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသော ကွက်စိပ်ပညာရပ်ကို ယခုနှစ်တွင် ဘာသာရပ်အသစ်အဖြစ် မဟာဗုဒ္ဓဝင်ဇာတ်များမှ ညီတော်မင်းနန်ချွတ်ခန်းကို ယှဉ်ပြိုင်ရန်စီစဉ်ထားရှိကြောင်း။

နှစ်စဉ်ယှဉ်ပြိုင်နေကျ ဇာတ်တော်ကြီး ပြိုင်ပွဲတွင်မူ သုဝဏ္ဏသာမဇာတ်တော်ကြီးဖြစ်ပြီး မေတ္တာပါရမီတော်၏ သိမ်မွေ့နက်ရှိုင်းမှု၊ မိဘအပေါ် လုပ်ကျွေးပြုစုခြင်းသည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောအကျိုးကိုရရှိစေမှုနှင့် တည်ကြည်သော ယောကျ်ားမြတ်တို့၏သစ္စာစကားကို ယုံကြည်သက်ဝင်စေမှုတို့ကို ရည်ရွယ်ချက်ထားရှိ ယှဉ်ပြိုင်သွားမည်ကိုလည်း ရှုမြင်ရမည်ဖြစ်ကြောင်း။

ဝါသနာရှင် (ပထမတန်း) အဆင့် ရုပ်စုံသဘင်ပြိုင်ပွဲတွင်မူ ဒါန၏အကျိုးတရား၊ မမေ့မလျော့သော သတိတရားနှင့် ဒါန၊ သီလ ဖြူစင်ခြင်းကြောင့် အတိတ်၊ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော အကျိုးတရားများကို သိမြင်ခွင့်ရမည့် မဟာဒုက် ဇာတ်တော် ရုပ်စုံသဘင်ကိုယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း။

ယခုနှစ် ယှဉ်ပြိုင်မည့် ပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့် တိုင်းအသီးသီးက ပြိုင်ပွဲဝင် ၁၈၁၃ ဦးနှင့် ဘာသာရပ်အလိုက်ပြိုင်ပွဲဝင် အင်အား ၂၄၄၅ဦး ရှိပြီး ယခင်နှစ်ကထက် ပြိုင်ပွဲဝင် မည့်လူအရေအတွက်နှင့် ဘာသာ ရပ်များ တိုးတက် များပြားလာသည်ကိုလည်း အားရဖွယ် တွေ့မြင်ရကြောင်း၊ ပြိုင်ပွဲဝင်များ၏ အရည်အသွေးနှင့် ကိုက်ညီသည့် ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်သွားရန် ပြင်ဆင်စီမံထားရှိပြီးဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မြတ်နိုးချစ်ခင်သည့် ပြည်သူများအနေဖြင့် ပြည်နယ်၊ တိုင်းအသီးသီးမှ ရောက်ရှိလာကြသော ပြိုင်ပွဲဝင်များ၏ယှဉ်ပြိုင်မှုကို အားပေးကြည့်ရှုရန် စောင့်မျှော်နေကြပြီဖြစ်သည့်အတွက် ပြိုင်ပွဲဝင်များအားလုံးအနေဖြင့် ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင် ဆင်နွှဲသွားကြပါဟု တိုက်တွန်း ပြောကြားသွားသည်။

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို ခန်းမဆောင်အတွင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားမှူးများအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးလှဝင်းနှင့် ဒေါ်သီတာဆွေတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ခေတ္တနိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က မိန့်ခွန်းပြောကြားသည်။

**(ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ မိန့်ခွန်းကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)**

ယင်းနောက် ဂီတလုလင်ဦးကိုကို ရေးသားသီကုံးစပ်ဆိုထားသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲဂုဏ်ပြုတေးသီချင်းကို အနုပညာရှင်များက သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)





# ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၁၇

**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက၊ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမနှင့် သစ်တောသုတေသနဌာန စုဝေးခန်းမတို့၌ ကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲတို့ကို တက်ရောက်ကြည့်ရှုအားပေးသည်။**

ရှေးဦးစွာ ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၁၅ မိနစ်တွင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အမျိုးသမီး ဝါသနာရှင်အဆင့် (ပထမတန်း) အကပြိုင်ပွဲကိုကျင်းပရာ နေပြည်တော် ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမသို့ရောက်ရှိကြပြီး ပြိုင်ပွဲကျင်းပနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ခေတ္တနိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီး ဝါသနာရှင်အဆင့် (ဒုတိယတန်း) စန္ဒရားအတီးပြိုင်ပွဲ ကျင်းပနေသည့် နေပြည်တော် ရေဆင်းရှိ သစ်တော သုတေသနဌာန စုဝေးခန်းမသို့ရောက်ရှိကြကာ စန္ဒရားအတီးပြိုင်ပွဲ ကျင်းပနေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲမှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

## ကြည့်ရှုအားပေး

**(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ ခေတ္တနိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပနေမှုများကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

## (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

| | | | | | |
|---|---|---|---|---|---|
| ၂ | **၁၈-၁၀-၂၀၀၇ (ကြာသပတေးနေ့)** | မဟာဂီတ | အဆင့်မြင့်(ကျား) | ၀၉၀၀ | စိုက်ပျိုးရေးတက္ကသိုလ် |
| | | | အခြေခံ(၅-၁၀)(မ) | ၁၃၀၀ | (စုဝေးခန်းမ) |
| | | အက | အဆင့်မြင့်(မ) | ၀၉၀၀ | မွေးမြူရေးဆိုင်ရာဆေး |
| | | | အခြေခံ(၁၅-၂၀)(ကျား) | ၁၃၀၀ | တက္ကသိုလ်(ဘွဲ့နှင်း) |
| | | ဇာတ်သဘင် | သုဝဏ္ဏသာမဇာတ်တော်ကြီး ရန်ကုန်တိုင်းမောင်အောင်ကိုဝင်းနှင့်အဖွဲ့ | ၁၉၀၀ | |
| | | အရေး(သီချင်းတိုက်လေ့ကျင့်) | ဝါသနာရှင် (ဒု) | ၀၉၀၀ | စိုက်ပျိုးရေးသုတေသန (သင်တန်းခန်းမ) |
| | | စန္ဒရား | ဝါသနာရှင်(ဒု)(ကျား) | ၀၉၀၀ | သစ်တောသုတေသန |
| | **ဇာတ်သဘင်/ ရုပ်စုံသဘင် အဖွဲ့လိုက် ကျင်းပမည့်အချိန်သည် ၁၉၀၀ နာရီဖြစ်ပါသည်။** | | အခြေခံ(၅-၁၀)(မ) | ၁၃၀၀ | (စုဝေခန်းမ) |
| | | စောင်း | ဝါသနာရှင်(ပ)(ကျား)(မ) | ၀၉၀၀ | စိုက်ပျိုးရေးတက္ကသိုလ် |
| | | | အခြေခံ(၅-၁၀)(မ) | ၁၃၀၀ | (စာသင်ခန်းမ) |
| | | | အခြေခံ(၁၅-၂၀) (က) | | |
| | | ဒိုးပတ် | အခြေခံ(၅-၁၀) | ၀၉၀၀ | စိုက်ပျိုးရေးသုတေသန |
| | | | အဆင့်မြင့်ပညာ | ၁၃၀၀ | (စုဝေးခန်းမ) |
| | | ရုပ်စုံသဘင်အဖွဲ့လိုက် | မဟာဒုက်ဇာတ်တော် ရန်ကုန်တိုင်းဦးခင်မောင်တင့် ဦးစီးသော အောင်စည်တော်ရုပ်စုံအမြင့်သဘင် | ၁၉၀၀ | |
| | | ဆိုင်း(အဖွဲ့လိုက်) | ဝါသနာရှင်(ပ)(ကျား) | ၀၉၀၀ | စိုက်ပျိုးရေးတက္ကသိုလ် |
| | | | အခြေခံ(၁၀-၁၅)(ကျား) | ၁၃၀၀ | (ဘွဲ့နှင်းသဘင်ခန်းမ) |

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၁၀-၂၀၀၇ ရက်ထုတ်သတင်းစာများ၌ ဖော်ပြပါရှိသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကွယ်လွန်သွားခြင်းအတွက် ရန်ကုန်မြို့ရှိ သံအမတ်ကြီးများက ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးသည့် သတင်းတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ အမည်အား H.E. Major General, Abu Rushde Rokonuddowla ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

## ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက်ထုတ်ပြန်

**ရန်ကုန် အောက်တိုဘာ ၁၇**

၂၀၀၇ခုနှစ် အောက်တိုဘာ ၂၅ ရက်မှ အောက်တိုဘာ ၂၉ ရက်ထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၃ ပေခန့်မှ ၂၁ ဒသမ ၂ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတိပေးချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူတစ်ရပ်လုံးက အသစ်ပေါ်ထွက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန္ဒမဲပေးပြီး အတည်ပြုပေးရန် မျှော်လင့်စောင့်စားကာ အနာဂတ်ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးရန် အသင့်ဖြစ်နေ



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ပဲခူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင် ဒေါက်တာ ဒေါ်နီနီကျော် ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

❁ စာမျက်နှာ ၇ မှ

– နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေး စသည်တို့ ခံစားခွင့်ရှိမည်ဟု ဆိုထားကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရပိုင်ခွင့်အခွင့်အလမ်းများကို ခိုင်မာစွာ အာမခံပေးထားခြင်းဖြစ်ကြောင်း၊ ထို့အပြင် အသေးစိတ်အခြေခံရမည့်မူများတွင် အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေး၊ လစာတို့ကို ခံစားခွင့်ရှိသည်ဆိုသောအချက် ပါရှိသဖြင့် မိမိတို့ အမျိုးသမီးထုကြီးအနေဖြင့် ဝမ်းသာဂုဏ်ယူ ကျေနပ်အားရမိပါကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားပြီး ပြည်ထောင်စုကြီးအတွင်း အတူတကွ အေးချမ်းသာယာစွာ နေနိုင်ရေးအတွက် အခြေခံဥပဒေလွှမ်းမိုးမှုသည် အမှန်တကယ် လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ အခြေခံဥပဒေက ပေးအပ်မည့် နိုင်ငံသားများ၊ တိုင်းရင်းသားများ၊ လူထုလူတန်းစားများအားလုံး၏ အခွင့်အရေးများ ထင်ထင်ရှားရှား ပြည့်ပြည့်စုံစုံ ရရှိမည်ဖြစ်သကဲ့သို့ အခြေခံဥပဒေ ချောချောမောမော ပြည့်ပြည့်စုံစုံ ခန့်ခန့်ညားညား ပေါ်ထွက်လာရန်နှင့် ပေါ်ထွက်လာမည့် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်လည်း တာဝန်ရှိမည်ဖြစ်ကြောင်း။

နိဂုံးချုပ် တင်ပြလိုသည်မှာ မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် နိုင်ငံတော်ကြီး တည်ငြိမ်မှုနှင့် အေးချမ်းမှုကို လိုလားပါကြောင်း၊ နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်မှုကို မလိုလားကြကြောင်း၊ ပြည်သူတစ်ရပ်လုံးက အသစ်ပေါ်ထွက်လာမည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ဆန္ဒမဲပေးပြီး အတည်ပြုပေးရန် မျှော်လင့်စောင့်စားကာ အနာဂတ်ကံကြမ္မာအတွက် အဆုံးအဖြတ်ပေးရန် အသင့်ဖြစ်နေပြီးဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသော အဆိုကို အလေးအနက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဒေါက်တာဒေါ်နီနီကျော်က အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ နိုင်ငံတော်အစိုးရသည် ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အစိုးရအနေဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်တိုက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**နိုင်ငံတော်အစိုးရအနေဖြင့် စေတနာရှေ့ထားဆောင်ရွက်ရာတွင် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပါမှ မူဝါဒလမ်းစဉ်(၇)ရပ်သည် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ပေါ်လာမည်ဖြစ်ပြီး နိုင်ငံတော် အာဏာအား အရပ်သားအစိုးရလက်သို့ အမြန်ဆုံးလွှဲပြောင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းပြည်ပအဖျက်သမားများနှင့် လေလှိုင်းပေါ်က လူသတ်သမားများဖြစ်သော ပြည်ပအသံလွှင့်ဌာနများဖြစ်ကြသည့် BBC က ညာနေပါသည်။ VOA က လိမ်နေပါသည်။ RFA နှင့် DVB တို့က မိုးလုံးပြည့် မုသာဝါဒသုံး၍ ရန်တိုက်ပေးနေကြပါသည်။ ထို့ကြောင့် တည်ငြိမ်အေးချမ်းမှုကို ထိပါးနှောင့်ယှက်မည့် ပြည်တွင်း ပြည်ပ အဖျက်သမားဟူသမျှကို မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းတွန်းလှန် ချေဖျက်သွားကြရမည်ဖြစ်ကြောင်း။**

**နိုင်ငံတော်တွင် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာ၌ ပြည်သူအများစုက အမှားနှင့်အမှန်၊ အဆိုးနှင့်အကောင်း၊ အပြုနှင့်အဖျက်စသော သဘောတရားများကို မှန်မှန်ကန်ကန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည့် အသိပညာကြွယ်ဝမှုရှိရန် လိုအပ်လှကြောင်း၊ ယင်းအခြေခံလိုအပ်ချက်များ ရရှိစေရန် နိုင်ငံတော်အစိုးရက နေ့စဉ်နှင့်အမျှ လမ်းခင်းကြိုးပမ်း ဖော်ဆောင်ပေးနေသည့်အပြင် နိုင်ငံတော်သည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း။**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးက ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့်မူများထဲတွင် ပညာရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍

- **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်မည်။**
- **နိုင်ငံတော်သည် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်မည်ဆိုသည့် အချက်များ ပါဝင်ကြောင်း။**

ယင်းအချက်များသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေး၊ ပညာရေးအခွင့်အလမ်းများ၊ လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးကို ဦးစားပေးဖော်ဆောင်ခြင်းပင် ဖြစ်ကြောင်း၊ ထို့အပြင် မိခင်ကလေး၊ အိုမင်းမစွမ်းသူများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်မည်ဟု ဖော်ပြထားသဖြင့် အနာဂတ် မိမိတို့ မိခင်ကလေးများအတွက် ပိုမိုပြည့်စုံကောင်းမွန်လာမည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ပဲခူးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်ကြီးတင်ဌေး(အငြိမ်းစား)ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

အမျိုးသားညီလာခံတွင် ကိုယ်စားလှယ်တော်ကြီးများ၏ အကြံပြုတင်ပြချက်များ၊ သဘာပတိအဖွဲ့၏ စုစည်းသုံးသပ်ချက်များ၊ ကိုယ်စားလှယ်တော်ကြီးများက ပြန်လည်ဆွေးနွေးပြီး အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်မှုများကို ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် တစ်လုံးတစ်ပါဒမျှမကျန်ရအောင် ထုတ်လွှင့်ဖော်ပြခဲ့ပြီးဖြစ်သည့်အတွက် အမျိုးသားညီလာခံကြီး၏ အနှစ်သာရနှင့် ကိုယ်စားလှယ်တော်ကြီးများ၏ ကြိုးပမ်းချက်များကို နိုင်ငံတော်တစ်ဝန်းလုံးတွင်ရှိသည့် နိုင်ငံသားများသာမက ပြည်ပနိုင်ငံများကပါ လေ့လာသိရှိခဲ့ကြပြီဖြစ်ကြောင်း။

ကိုယ်စားလှယ်တော်ကြီးများ ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံက ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်း ချမှတ်ထားခဲ့ကြခြင်းဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲသည့်အခါ မလွဲမသွေ အခြေခံရမည့် အချက်များပင်ဖြစ်ကြောင်း။

နိဂုံးချုပ်တင်ပြလိုသည်မှာ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သော အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ကောင်းကျိုးပြုမည့် အခြေခံဥပဒေကို ပေါ်ပေါက်လာစေမည်ဖြစ်ပြီး ဖြစ်ပေါ်လာမည့် အခြေခံဥပဒေနှင့်အတူ ပြည်သူတို့ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့်အတူ တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးသည် ကျင်းပပြီးစီးခဲ့သော အမျိုးသားညီလာခံကြီး၏ အောင်မြင်ခြင်းနှင့်အတူ ပေါ်ပေါက်လာတော့မည်ဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသည့် "အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက်ပဲခူးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်ဗိုလ်ကြီးတင်ဌေး (အငြိမ်းစား) က အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် ယနေ့ကာလသည် နိုင်ငံတော်အစိုးရအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်မည်ဖြစ်ကြောင်း၊ တိုင်းသိပြည်သိ ကမ္ဘာသိကြေညာကာ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ အဟန့်အတား အနှောင့်အယှက်များကို ရင်ဆိုင်နေကြရဆဲဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင်လည်း အတ္တစွဲ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲသန်သူများ၏ လုပ်ဆောင်မှုများကြောင့် အနိဋ္ဌာရုံဆိုးကျိုးများကို မိမိတို့အားလုံး ခံစားကြရပြီးဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်တွင် ၁၉၈၈ခုနှစ် အရေးအခင်းကာလကကဲ့သို့ ဆူပူအုံကြွမှုများဖြစ်လာစေရန် စီးပွားရေးနှင့် လူမှုရေးကိုအကြောင်းပြပြီး ဆောင်ရွက်နေမှုများ၊ ယုံကြည်ကိုးကွယ်ရာဖြစ်သည့် ဘာသာရေးနယ်ပယ်များမှာပင် မရှောင်ဘဲ ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်း တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

အနောက်အင်အားကြီး နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံငယ်လေးများအပေါ် မငြိမ်မသက်မှုများကို ဖန်တီးပြီး နောက်ဆုံးအနေဖြင့် ဒီမိုကရေစီမရှိ၍၊ မငြိမ်သက်၍ ဒေသတွင်းနိုင်ငံများ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်မှုဖြစ်သည်ဆိုပြီး ဝင်ရောက်စွက်ဖက်မှုများ ပြုလုပ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယင်းသို့ အဖျက်အမှောင့်လုပ်ရပ်များ၊ ဆူပူလှုံ့ဆော်မှုများနှင့် ဘေးပယောဂနိုင်ငံရေး အမြတ်ထုတ်မှုများကို ပြည်သူများအားလုံးက ဆန့်ကျင်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် မရှိမဖြစ် လိုအပ်သည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ စီးပွားဥစ္စာ တောင့်တင်းခိုင်မာလာစေရေးနှင့် ပညာတတ်နိုင်ငံတော် ဖြစ်ပေါ်လာစေရေးတို့အတွက် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ အနှောင့်အယှက်အမျိုးမျိုးကြားက ကိုယ့်ခွန်ကိုယ့်အားဖြင့် အောင်မြင်အောင် အားထုတ်လုပ်ကိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ ရရှိပြီးသည့် အောင်မြင်မှုများကနေ ပိုမိုတောက်ပသည့် အနာဂတ်ဖြစ်ပေါ်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အဓိကပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် တပ်မတော်သည် တစ်အူထုံ့ဆင်း သွေးရင်းသားရင်း တိုင်းရင်းသားများမှ ပေါက်ဖွားလာသော တပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးနှင့်လုံခြုံရေးတို့အတွက် တပ်မတော်အနေဖြင့် အရေးကြီးဆုံး အခန်းကဏ္ဍက တာဝန်ယူဆောင်ရွက်ရပါကြောင်း။



**အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအားထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ပဲခူးမြို့မှ မြို့မိမြို့ဖ ဦးဝင်းတင် ထောက်ခံဆွေးနွေးစဉ်။** (သတင်းစဉ်)

တစ်ချိန်က မိမိတို့၏နိုင်ငံတွင် ကာကွယ်ရေးအင်အားချည့်နဲ့ခဲ့သည့်အတွက် ဗြိတိသျှကိုလိုနီ နယ်ချဲ့တို့၏လက်အောက်ခံ ကျွန်သပေါက်အဖြစ်နှင့် နှစ်ပေါင်း ၁၀၀ကျော်ကျရောက်ခဲ့ကြောင်း၊ တပ်မတော်သည် တိုင်းရင်းသားညီအစ်ကိုအပေါင်းနှင့် စည်းလုံးညီညွတ်စွာလက်တွဲပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ရကြောင်း။

လွတ်လပ်ရေးရပြီးပြန်တော့လည်း ပြည်တွင်းသောင်းကျန်းသူများနှင့် ပြည်ပကျူးကျော်မှု အန္တရာယ်ကိုလည်း တပ်မတော်အနေဖြင့် ရှုပ်ရှုပ်ချုံချုံ တွန်းလှန်ကာကွယ်ခဲ့ရကြောင်း၊ ၁၉၆၂ခုနှစ်နှင့် ၁၉၈၈ခုနှစ်တို့တွင် ပြည်ထောင်စုပြိုကွဲစေမည့် အန္တရာယ်များကိုလည်း တပ်မတော်အနေဖြင့် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တာဝန်ယူခဲ့ရကြောင်း။

လက်ရှိတွင်လည်း နယ်ချဲ့ကိုလိုနီလက်သစ်များသည် အချိန်မရွေး မိမိတို့နိုင်ငံကို ၎င်းတို့၏ဩဇာခံဖြစ်ရေးအတွက် အနှောင့်အယှက်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကာကွယ်ရေးနှင့် လုံခြုံရေး အင်အားတောင့်တင်းမှသာ တိုင်းတစ်ပါးတို့၏ ခြိမ်းခြောက်မှု၊ ရန်စမှု၊ ကျူးကျော်မှုများကို တွန်းလှန်ဖြိုဖျက်ပြီး ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး မပြိုကွဲစေရအောင် "တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတွင် ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်" "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်" ဟူသော အခြေခံမူကို ထည့်သွင်းထားခြင်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် တပ်မတော်၏ အခန်းကဏ္ဍသည် အရေးကြီးသည့် အခန်းကဏ္ဍကနေ တာဝန်ယူဆောင်ရွက်ရမည်ဆိုသည်မှာ ပေါ်လွင်ထင်ရှားစေကြောင်း။

ယင်းကဲ့သို့ အဘက်ဘက်က ပြည့်စုံအောင် ပြည်သူ့ဆန္ဒနှင့်အညီ ရေးဆွဲထားသည့် အခြေခံမူများအား အတည်ပြုပြဋ္ဌာန်းမည်ကို ပြည်ပအင်အားကြီးနိုင်ငံအချို့နှင့် ပုဆိန်ရိုးတချို့က စိုးရိမ်လျက်ရှိကြကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❂

❂ စာမျက်နှာ ၁၀ မှ

ပြည်သူတို့၏ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းလိုက်ပါက ၎င်းတို့၏ မြန်မာနိုင်ငံကို ခေတ်သစ်ကျွန်ပြုရေး၊ ဖြတ်လမ်းနည်းဖြင့် အာဏာရယူရေးစီမံချက်များ ပျက်စီးသွားမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံကြီးက ချမှတ်လိုက်သည့် အခြေခံမူများသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးကို ထင်ဟပ်စေသည်မှာ အမှန်ဖြစ်ပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ၏ ဒီမိုကရေစီအရေး ကျင့်စဉ်နှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ အမျိုးသားညီလာခံကြီးက တာဝန်ကျေကျေဖြင့် အရေးကြီးသည့် အခြေခံမူများကို ချမှတ်ဖော်ဆောင်နိုင်ခဲ့သကဲ့သို့ မိမိတို့ပြည်သူအပေါင်းကလည်း အခြေခံဥပဒေ(မူကြမ်း)ကို အတည်ပြုနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုရှင်တင်သွင်းသွားသော အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိကြသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံကြိုဆိုကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။



အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပဲခူးမြို့မှ မြို့မိမြို့ဖ လယ်ယာလုပ်ငန်းရှင် ဦးသန်းရွှေ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပဲခူးမြို့မှ မြို့မိမြို့ဖ ဦးဝင်းတင်က အမျိုးသားညီလာခံနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း အဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်မူများကို ချမှတ်နိုင်ရန် နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားအတွက် အစုအဖွဲ့လိုက် ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း၊ အယူအဆချင်း ညှိနှိုင်းခဲ့ကြကြောင်း၊ ကျေကျေလည်လည်ဆုံးဖြတ်ခဲ့ကြကြောင်း၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများအားလုံးတွင် တူညီခိုင်မာပြတ်သားသော ရပ်တည်မှုများရှိကြကြောင်း၊ ယင်းရပ်တည်မှုများမှာ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်ထိန်းသိမ်းစောင့်ရှောက်ရန်ပင်ဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်ကြီးများသည် တိုင်းရင်းသားလူမျိုးများ၏ ရသင့်ရထိုက်သော ဒီမိုကရေစီပိုင်ခွင့်များကို ရရှိလာစေရန်နှင့် အမျိုးသားရေး အကျိုးစီးပွားကိုလည်း ထိခိုက်မှုမရှိစေရန်၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးပြီး အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏အကျိုးကို ကူညီဆောင်ရွက်မည်ဟူ၍ ပြဋ္ဌာန်းပါရှိသဖြင့် ပညာရှင်ကြီးများ၏ အခွင့်အလမ်းကောင်းများကို ထိရောက်ကျယ်ပြန့်စွာ ဖော်ဆောင်ပေးခြင်းဖြစ်ကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏ အခြေခံဥပဒေကို တစ်ဦးတစ်ယောက်၊ တစ်ပါတီတစ်ဖွဲ့က ရေးဆွဲခြင်းသည် မပြည့်စုံ၊ မမှန်ကန်နိုင်ကြောင်း၊ လူထုနည်းဖြင့် ရေးဆွဲ၊ လူထုထံချပြ၊ လူထုဆန္ဒဖြင့် အတည်ပြုသော အခြေခံဥပဒေသည် ပိုမိုခိုင်မြဲတည်တံ့မည်ဖြစ်ကြောင်း၊ ပြည်သူ့ကိုယ်စားပြု အခြေခံဥပဒေလည်း ဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် အခြေခံဥပဒေတွင် အချုပ်အခြာအာဏာ ပိုင်းခြားခွဲဝေမှု၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှု၊ နိုင်ငံသားတို့ တာဝန်ဝတ္တရားနှင့် အခွင့်အရေး၊ နိုင်ငံပိုင်သယံဇာတများ စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်၊ နိုင်ငံတော်သီချင်း၊ အခြေခံဥပဒေပြင်ဆင်မှုများကို အသေးစိတ်မူများ ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း။**

**နိဂုံးချုပ်တင်ပြလိုသည်မှာ နိုင်ငံတော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် လွန်စွာအရေးကြီးလှကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို ဟန့်တားနှောင့်ယှက် ဖျက်ဆီးလိုသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများအား ပြည်သူတစ်ရပ်လုံးက သတိပြုကာကွယ်တားဆီးသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး သမိုင်းစဉ်က ပေးအပ်ခဲ့သော အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်ပြီးမြောက်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြသည့် ညီလာခံကိုယ်စားလှယ်တော်ကြီးများသည် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် "အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုနှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။**

**တပ်မတော်အစိုးရသည် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်လှ၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပခဲ့ခြင်းဖြစ်၊ ညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် လူထုလူတန်းစား အလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်သည့် ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် အသေးစိတ်အခြေခံရမည့်မူများကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ကြိုးပမ်းညှိနှိုင်းချမှတ်နိုင်ခဲ့သည်ကို အလွန်ဝမ်းမြောက် ဂုဏ်ယူဖွယ်တွေ့ရမည်ဖြစ်။**

ဆက်လက်၍ ပဲခူးမြို့မှ မြို့မိမြို့ဖ လယ်ယာလုပ်ငန်းရှင် ဦးသန်းရွှေက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့်မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ထောက်ခံဆွေးနွေးရာတွင် အမျိုးသားညီလာခံက ချမှတ်ခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများတွင် တောင်သူလယ်သမားများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်။ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိရန်ကူညီဆောင်ရွက်မည်ဟူ၍ ပြဋ္ဌာန်းပါရှိပြီး စီးပွားရေးနှင့်ပတ်သက်၍-

- **နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်။**
- **နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု (သို့မဟုတ်) ဈေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်။**
- **နိုင်ငံတော်သည် စီးပွားရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြု။**
- **နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု စသည့်အချက်များ ပါရှိသောကြောင့် မိမိတို့ တောင်သူလယ်သမားထုကြီးနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ရပိုင်ခွင့်နှင့် စီးပွားရေး အခွင့်အလမ်းများကို ခိုင်ခိုင်မာမာ အာမခံပေးထားကြောင်း လေ့လာတွေ့ရှိရမည် ဖြစ်ကြောင်း။**

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်က ကျင့်သုံးသည့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နှင့် လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးသည့် ပင်မဥပဒေကြီးပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ခေတ်ဟောင်းစနစ်ဟောင်းတစ်ခုကနေ ခေတ်သစ် စနစ်သစ်တစ်ခုကို ကူးပြောင်းတော့မည်ဆိုလျှင် ပထမဆုံး လိုအပ်ချက်သည် ခေတ်သစ်၊ စနစ်သစ်နှင့် ကိုက်ညီမည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ပင်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိသေးဘဲ ခေတ်သစ်၊ စနစ်သစ်ဆီကို အလျင်စလို ကူးပြောင်းလျှင် ကြီးမားသည့်ချွတ်ချော်လွဲမှားမှုများ ဖြစ်ပေါ်ပြီး နိုင်ငံတော်အတွက် ထိခိုက်နစ်နာတတ်ကြောင်း။

ထို့ကြောင့်လည်း **တပ်မတော်အစိုးရသည် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် မိမိနိုင်ငံ၊ မိမိလူမျိုးနှင့် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်လှကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေး အတွက် အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံနှင့် လူထုလူတန်းစား အလွှာပေါင်းစုံမှ ပုဂ္ဂိုလ်များ ပါဝင်သည့် ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် အသေးစိတ် အခြေခံရမည့်မူများကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ ကြိုးပမ်းညှိနှိုင်းချမှတ်နိုင်ခဲ့သည်ကို အလွန်ဝမ်းမြောက် ဂုဏ်ယူဖွယ် တွေ့ရမည်ဖြစ်ကြောင်း။**

**ယခုအခါတွင် ဖွံ့ဖြိုးပြီးနိုင်ငံတချို့သည် မီဒီယာကို လက်နက်သဖွယ် အသုံးပြုပြီး မြန်မာနိုင်ငံအား ၎င်းတို့၏ ဩဇာလွှမ်းမိုးလာစေရန် သိုင်းဝိုင်းထိုးဖောက်နေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးပြပြီး စိတ်ဓာတ်ရေးရာ ကျွန်ပြုမှုဖြင့် မီဒီယာလက်နက်ကိုသုံးပြီး ကျူးကျော်လွှမ်းမိုးရန် ကြိုးစားလုပ်ဆောင်နေကြကြောင်း၊ ထို့အပြင် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများဖြစ်သော BBC, VOA, RFA, DVB တို့သည် မိုးလုံးပြည့် မုသာဝါဒသုံး၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားအောင် သပ်လျှိုသွေးခွဲမှုများအား မိမိတို့ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက သတိပြုကာကွယ်တားဆီးကာ ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချသွားရမည်ဖြစ်ကြောင်း။**

နိဂုံးချုပ်တင်ပြလိုသည်မှာ ယနေ့နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် အမျိုးသား ညီလာခံကြီးကို အောင်မြင်စွာ ခေါ်ယူကျင်းပနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ညီလာခံကြီးအောင်မြင်ခြင်းနှင့်အတူ ဖွဲ့စည်းပုံအခြေခံဥပဒေလည်း ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း၊ ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒအမှန်ကို ထင်ဟပ်စေမည် ဖြစ်သည့်အတွက် အဆိုရှင်တင်သွင်းသွားသော "အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးသော ပြည်တွင်းပြည်ပအဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့်ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို ပြည်သူလူထုကြီးနှင့်အတူ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

ယင်းနောက် သဘာပတိက အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား ထောက်ခံကြိုဆိုကြောင်းနှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးနေသော ပြည်တွင်း ပြည်ပ အဖျက်သမားများနှင့် မိုးလုံးပြည့် မုသာဝါဒများ ထုတ်လွှင့်လျက်ရှိသော ပြည်ပအသံလွှင့် ဌာနများအား ဆန့်ကျင်ရှုတ်ချကြောင်းအဆိုကို ပြည်သူလူထုထံမှ ဆန္ဒသဘောထားရယူရာ တက်ရောက်လာကြသော ပြည်သူလူထုကြီးက တညီတညွတ်တည်း သဘောတူ ဆန္ဒပြုကြသည့်အတွက် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် လူထုအစည်းအဝေးကြီးသို့ တက်ရောက်လာကြသော ပြည်သူလူထုကြီးက ပြည်ထောင်စုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး (ဒို့အရေး၊ ဒို့အရေး)၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး (ဒို့အရေး၊ ဒို့အရေး)၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် (အောင်ရမည်၊ အောင်ရမည်)ဟူသော ကြွေးကြော်သံများကို အမျိုးသားနိုင်ငံရေး အသိစိတ်ဓာတ်အပြည့်ဖြင့် တစ်ခဲနက် ကြွေးကြော်ကြပြီး နံနက် ၈နာရီတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၈-၁၀-၂၀၀၇ (ကြာသပတေးနေ့)

### ၁၃၆၉ ခုနှစ်၊သီတင်းကျွတ်လဆန်း၇ရက် (အဖိတ်နေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်** |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | ဆင်နွဲ့တူပျော် မကွေးမြသလွန်ဘုရားပွဲတော် |
| ၇:၅၀ | ၅။ | သံသာချို့အေးမင်္ဂလာတေး |
| ၈:၀၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက |
| ၈:၁၅ | ၇။ | အကပဒေသာ |
| ၈:၃၀ | ၈။ | International News. |
| ၈:၄၅ | ၉။ | Let's Go |
| ၉:၀၀ | ၁၀။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၂:၅၀ | ၁။ | **၂၀၀၇ခုနှစ်(၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလားအသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ပထမအကြိုဗိုလ်လုပွဲ)** |
| ၄:၄၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅:၀၀ | ၃။ | ဆောင်းပါးရှင် မိခင်သန့်၏ "မသမာသူတို့၏အသုံးချခံဘဝ မရောက်စေလိုပါ" |
| ၅:၁၅ | ၄။ | အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၊ရန်ကုန်တိုင်းအခြေခံ ပညာကျောင်းများဝတ်ရွတ်ပြိုင်ပွဲ ဒုတိယဆုရ(အထက -၂၊ စမ်းချောင်း ဝတ်အသင်း) |
| ၅:၃၅ | ၅။ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၆:၀၀ | ၆။ | ညနေခင်းသတင်း |
| ၆:၃၀ | ၇။ | မိုးလေဝသအခြေအနေ |
| ၆:၃၅ | ၈။ | သီရိဂေဟာ |
| ၇:၀၀ | ၉။ | နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ဈေးနှုန်းမှာချို အလှပို ထွက်ကုန် မုဒုံချည်ပိုးစုံ) |
| ၇:၁၀ | ၁၀။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးတတိယချစ်ပုံပြင်" (အပိုင်း-၁၁)** |
| ၈:၀၀ | ၁၁။ | ပြည်တွင်းသတင်း |
| | ၁၂။ | နိုင်ငံတကာသတင်းများ |
| | ၁၃။ | မိုးလေဝသအခြေအနေ |
| | ၁၄။ | ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ |
| | ၁၅။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စိတ်ကူးလေး တဝဲလည်လည်(အပိုင်း-၂၅)** |
| | ၁၆။ | နောက်တစ်နေ့အစီအစဉ် |
| | ၁၇။ | အစီအစဉ်ပြီး၏။ |

# တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲများနှင့် ဗိုလ်လုပွဲတို့ကို

## မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**ရန်ကုန်   အောက်တိုဘာ   ၁၇**

၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပပြီးစီးသွားပြီဖြစ်ရာ ပထမအကြိုဗိုလ်လုပွဲကို အောက်တိုဘာ ၁၈ရက်တွင် လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲကို အောက်တိုဘာ ၁၉ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲကို အောက်တိုဘာ ၂၂ရက်တွင်လည်းကောင်း ရန်ကုန်မြို့ရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ နေ့စဉ် ညနေ ၃နာရီတွင် စတင်ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါဘောလုံးပြိုင်ပွဲများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ကမ္ဘာ့ဖလားခြေစစ်ပွဲကစားရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန်   အောက်တိုဘာ   ၁၇

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အောက်တိုဘာ ၂၁ရက်တွင်ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲ ပထမအဆင့်အဖြစ် တရုတ်လက်ရွေးစင်အသင်းနှင့် အဝေးကွင်းပွဲစဉ်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့နံနက် ၁၁နာရီ မိနစ် ၂၀ က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။** (အပေါ်ပုံ)

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသိန်းအောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊အား/ကာ)၊နည်းပြချုပ်အဖြစ် မားကိုစ်အန်တိုနီယိုဖလော်ပါ၊ လက်ထောက်နည်းပြများအဖြစ် ဦးဉာဏ်ဝင်း၊ ဦးကြည်လွင်၊ ဦးအောင်နိုင်၊ ဦးမျိုးချစ်၊ ဆရာဝန်အဖြစ် ဒေါက်တာမြတ်ထွန်းဦး၊ အားကစားသမားများအဖြစ် စိုးမြတ်မင်း၊ မင်းသူ၊ သူရအောင်၊ အောင်အောင်ဦး၊ ရန်ပိုင်၊ စည်သူဝင်း၊ ခင်မောင်လွင်၊ မျိုးမင်းထွန်း၊ ထွန်းထွန်းဝင်း၊ အောင်မျိုးသန့်၊ မိုးဝင်း၊ ရာဇာဝင်းသိန်း၊ ဇော်ထက်အောင်၊ အေးဆန်း၊ ဇော်လင်းထွန်း၊ ကျော်ဇေယျာဝင်း၊ ကျော်ခိုင်ဝင်းနှင့် ကျော်ဇင်ထက်တို့ လိုက်ပါသွားကြသည်။

မြန်မာအသင်းသည် ခြေစစ်ပွဲအဖြစ် တရုတ်အသင်းနှင့် အောက်တိုဘာ ၂၁ရက်တွင် အဝေးကွင်း၊ အောက်တိုဘာ ၂၈ရက်တွင် အိမ်ကွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၀-၂၀၀၇ (ကြာသပတေးနေ့)**

**AM & PM**

| | |
|---|---|
| ၇:၀၀-၁:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅-၁:၀၅ | "တာဝန်ကြီး(၃)ရပ်"တရားတော်(ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ) |
| ၇:၅၅-၁:၅၅ | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လဆရာတော်၏ ဝိဇာတမင်္ဂလာသဘင် |
| ၈:၁၀-၂:၁၀ | တေးဂီတအစီအစဉ် |
| ၈:၁၅-၂:၁၅ | ပြည်တွင်းအနုပညာရေးရာ |
| ၈:၄၅-၂:၄၅ | ဘဝရုပ်ဝန်းထဲသို့သပ်ရပ်စွာသက်ဆင်းလာသောဘာသာရပ်များ |
| ၉:၂၀-၃:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀-၃:၃၀ | တေးဂီတအစီအစဉ် |
| ၉:၃၅-၃:၃၅ | သဒ္ဓါကြည်ဖြူ ဝါတွင်းသုံးလ အရဏ်ဆွမ်းအလှူ |
| ၁၀:၀၀-၄:၀၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၀၅-၄:၀၅ | သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၁၁) |
| ၁၀:၄၀-၄:၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၄၅-၄:၄၅ | မြန်မာစာ၊မြန်မာစကား |
| ၁၁:၀၀-၅:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅-၅:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၅-၅:၁၅ | အတွေ့အကြုံ (ညီကျော်၊ဖိုးတာ၊ဂွမ်းပုံကြီး)[ဒါရိုက်တာ-ဝေဠု(ဝဿန်)] |
| ၁၁:၃၀-၅:၃၀ | တေးဂီတအစီအစဉ် |
| ၁၁:၄၀-၅:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၅-၅:၄၅ | ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်းအကြောင်း (ပါမောက္ခဒေါက်တာမြင့်သိန်း၊ဒေါက်တာကျော်စွာအောင်) |
| ၁၂:၀၅-၆:၀၅ | တေးဂီတအစီအစဉ် |
| ၁၂:၁၀-၆:၁၀ | ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်(ဒီဇိုင်နာ ရူပါရွှေနှင့်တွေ့ဆုံခြင်း) |
| ၁:၀၀-၇:၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

# အွန်လိုင်း အမ်ဘီအေ သင်တန်း စတင်ဖွင့်လှစ်တော့မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာနမှ အွန်လိုင်း အမ်ဘီအေ သင်တန်းကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ နိုဝင်ဘာ ၁ရက်မှစတင်၍ လျှောက်လွှာများ လက်ခံမည်ဖြစ်သည်။

အသက်(၂၅)နှစ်ရှိပြီး လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိ၍ တက္ကသိုလ်၊ ကောလိပ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ မည်သူမဆို လျှောက်ထားနိုင်ပြီး ကွန်ပျူတာနှင့် အင်တာနက်ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်သူဖြစ်ရမည်။

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက www.elearning.edu.mm (သို့မဟုတ်) စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်) ပါရမီလမ်း ရန်ကုန် စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) ကျောင်းသားရေးရာ ဖုန်း-၀၁ ၆၆၄၆၈၄၊ ၆၆၀၈၂၂နှင့် ဖုန်း-၀၁ ၆၆၈၇၇၉၊ ၆၆၈၂၅၉၊ ၆၅၀၁၂၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ

**ရန်ကုန်   အောက်တိုဘာ   ၁၇**

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ (7th MGC Junior Golf Open Championship-2007)ကို မြန်မာဂေါက်သီးရိုက်အသင်း၌ အောက်တိုဘာ ၃၀ရက်နှင့် ၃၁ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၁၀-၁၂)နှစ်၊ အသက်(၁၃-၁၅)နှစ်၊အသက်(၁၆-၂၀)နှစ်၊ အမျိုးသမီးပြိုင်ပွဲ၌ အသက်(၁၀-၁၈)နှစ်အထိဟူ၍ လေးတန်းခွဲခြားပြီး ကျင်းပမည်ဖြစ်ပြီး ဆုများကို သက်တန်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

**ကြိုတင်စာရင်းပေးသွင်း**

ပါဝင်ယှဉ်ပြိုင်လိုသူများသည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက်အသင်းသို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။ ပြိုင်ပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း-၆၆၁၇၀၂၊ ၆၆၅၅၃၁သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(FRICTION)မှ သဘာဝတည်ငြိမ်လျှပ်စစ် ( STATIC ELECTRICITY) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြုရှောင်ကြဉ်ကြပါရန်။

**မီးသတ်ဦးစီးဌာန**

# သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့ တားမြစ်ထားသော်လည်း ယမန်နှစ် ၂၀၀၆ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား-

**(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု(၃)မှုတွင် တရားခံ(၃)ဦးအား အနည်းဆုံး ထောင်ဒဏ်နှစ်နှစ်မှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။**

**(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှုတစ်မှုတွင် တရားခံတစ်ဦးအား အများဆုံး ထောင်ဒဏ် နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။**

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၇ခုနှစ် သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

**(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။**

**(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဗြောက်အိုး၊ မီးရှူးနှင့် ဒုံးများ(ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။**

**(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုချီးမြှင့်မည်။**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**

# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၈-၁၀-၂၀၀၇ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ အမျိုးသားရေးတေးကဗျာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၄:၁၅ | ၄။ အမျိုးသားရေးတေးကဗျာ |
| ၄:၂၀ | ၅။ မြန်မာသံစဉ်ချိုနှားဝင် |
| ၄:၃၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၅:၃၅ | ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ |
| ၅:၄၀ | ၈။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၅၀ | ၉။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မြင်မြင်ချင်းပဲကွယ် (အပိုင်း-၄၄)** |
| ၈:၀၀ | ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ မိုးလေဝသသတင်း |
| | ၁၇။ အမျိုးသားရေးတေးကဗျာ |
| | ၁၈။ ကုန်သွယ်သုတ |
| | ၁၉။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ |
| | ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒဏ်ရာများနှင့် နှလုံးသား" (အပိုင်း-၁၀)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

## အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ အကြမ်းဖက်ဆူပူမှုကြောင့်–

အေးချမ်းစွာနေလိုသည့် ပြည်သူများ စိုးရိမ်ပူပန်နေရသည်။
ကျောင်းသားကျောင်းသူများ၏ ပညာရေး နှောင့်နှေးကြရသည်။
ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရသည်။
လမ်းဘေးဈေးသည်များ အရောင်းအဝယ်ပျက်ကြရသည်။
ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသည်။

☆ အကြမ်းဖက်ဆူပူမှုကြောင့်–

အမှန်တကယ်အကျိုးရှိသူများမှာ ကိုလိုနီနယ်ချဲ့ ပွဲကြီးများသာ ဖြစ်သည်။
သွေးထိုးလှုံ့ဆော်သူများ တိတ်တိတ်ပုန်း ဒေါ်လာများ ရနေသည်။
ပြည်ပြေးများ၊ ပုဆိန်ရိုးများသာ ကောင်းစားကြသည်။
နယ်ချဲ့အလိုတော်ရိများသာ ဒေါ်လာဆုကြေးများ ရနေကြသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား